



ပန်းဇော်(သုံးဆယ်)

# ထူးခြားအံ့မခန်း
# လူစွမ်းကောင်းငါးယောက်
နှင့်
# ပင်ကိုရေးပုံပြင်များ

mgyoe.com



ဝင်းဇော်(သုံးဆယ်)

# ထူးခြားအံ့မခန်း
# လူစွမ်းကောင်းငါးယောက်
# နှင့် ပင်ကိုရေးပုံပြင်များ

ISBN9789997117137
A1WZ003
9 789997 117137
1,500.00KS

mgyoe.com

စာမူမူပိုင် – ဦးစန်းဦး(စိတ်ကူးချိုချို)
ယခုစာအုပ်ပြင်ဆင်တင်ဆက်ပုံမူပိုင် – အပါးတော်မြဲ

ထုတ်ဝေခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲစာပေတိုက်(၀၂၂၉၃)၊
အမှတ်၇/၈၊ မြန်မာသီရိလက်ာရာမကျောင်းလမ်း၊ တာမွေ။

ပုံနှိပ်ခြင်း။ ဦးအောင်စည်သာ၊ အပါးတော်မြဲပုံနှိပ်တိုက်(၀၁၅၀၅)၊
၁၁၇၉၊ မစိုးရိမ်လမ်း၊ ကံဘဲ့၊ ရန်ကင်း။

မျက်နှာဖုံးနှင့်
အတွင်းသရုပ်ဖော်။ ဗိုသံ

---

ထူးခြားအံ့မခန်း လူစွမ်းကောင်းငါးယောက်နှင့် ...၊ ဝင်းဇော်(သုံးဆယ်)
၁၃၆ မျက်နှာ၊ ၁၄ . ၅ စင်တီ× ၂၁ စင်တီ
ပထမနှိပ်ခြင်း၊ ၂၀၁၉၊ ဇွန်လ၊
အုပ်ရေ ၁၀၀၀၊

email: aptmph@gmail.com
www.facebook.com/အပါးတော်မြဲစာပေတိုက်
အမှတ် (၇/၈)၊ မြန်မာသီရိလက်ာရာမကျောင်းလမ်း၊ နတ်ချောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
၀၉ ၉၅၁၃၉၉၅၅၅၊ ၀၉ ၄၄၁၅၁၅၅၅၉

mgyoe.com

mgyoe.com

# ထူးခြားအံ့မခန်း လူ့စွမ်းကောင်းငါးယောက်

# နှင့်

# ပင်ကိုရေးပုံပြင်များ

## ဝင်းဇော်(သုံးဆယ်)

၂၀၁၉ ခုနှစ်၊ ဇွန်လ၊ ပထမနှိပ်ခြင်း။

mgyoe.com

mgyoe.com

စာရေးသူ ဝင်းဇော်(သုံးဆယ်)ရဲ့
**မြေးကိုပြောသောပုံပြင်များ** အတွဲလေးတွေ
ထွက်ရှိနေမှာဖြစ်သလို ယခုပုံပြင်များကလည်း
စာရေးသူရဲ့ သီးခြားအစီအစဉ်အဖြစ်
ထွက်ရှိလာတဲ့ ပုံပြင်လေးများ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

# မာတိကာ


၁။ ထူးခြားအံ့မခန်း လူစွမ်းကောင်းငါးယောက် ၁

၂။ ရေနန်းသူဇာ ၂၇

၃။ မြို့စားကြီးနဲ့ မှော်ကဝေမ ၅၉

၄။ ကျားတို့၏ အရှင်သခင် ၈၃

၅။ ဝါးခုတ်ရင်း အမဲလိုက်သူ ၁၀၉

၆။ သံစူးတစ်ချောင်းရဲ့ ဝိပါက်ကြမ္မာ ၁၂၅


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ထူးခြားအံ့မခန်း လူစွမ်းကောင်းငါးယောက်

ဟိုးရှေးအခါတုန်းက ရွာတစ်ရွာမှာ လေးပစ်အလွန် လက်ဖြောင့်တဲ့ လူတစ်ယောက်ရှိတယ်။ အဲဒါကြောင့် သူ့ကိုလူတွေက "မောင်မြား" လို့ အမည်ပေးထားကြတယ်။

မောင်မြားက ဘယ်လောက်အထိ လက်ဖြောင့်သလဲဆိုရင် မျက်စိတစ်ဆုံးအဝေးမှာရှိတဲ့ သစ်ပင်ထိပ်ဖျားမှာ နားနေတဲ့ ငှက်တစ်ကောင်ရဲ့ ဦးခေါင်းကိုတောင် ထိမှန်အောင် ပစ်နိုင်တယ်။

"ဟာ… မလှမ်းမကမ်းကနေပြီး ငှက်တစ်ကောင်ကို လှမ်းပစ်တာတောင် ထိမှန်ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူး၊ မောင်မြားတို့ကတော့ အနားကကပ်ပြီး ပစ်တဲ့အတိုင်းပဲ"

"ဟုတ်ပါ့ဗျာ။ သူ လှမ်းပစ်တဲ့ငှက်ကို မြင်ရတောင်သေးသေးလေး"

"မောင်မြားလို လက်ဖြောင့်တဲ့သူကိုတော့ ရှာလို့တွေ့မှာ မဟုတ်ဘူး"

mgyoe.com

mgyoe.com


မောင်မြားငယ်စဉ်က သူ့ထက်အသက်ကြီးတဲ့သူ လောက်လေးခွကို ကိုင်ပြီး လေးပစ်နေတာတွေ့ရင် လောက်လေးခွကို ကိုယ်တိုင်ဆင်တယ်။ ချောင်းကမ်းပါးက ရွှံ့စေးကိုခွာပြီး လောက်စာလုံး လုံးတယ်။

ကလေးငယ်တွေ ငှက်ပစ်တာကို တွေ့ရင် မောင်မြားကလည်း လိုက်ပစ်တယ်။ တခြားကလေးတွေက ငှက်တစ်ကောင် နှစ်ကောင်ရပေမယ့် မောင်မြားကတော့ ငှက်တစ်ကောင်မှ မရဘူး။

"တောက်... သူတို့က ငှက်ကြော်စားရတော့မယ်။ ငါက မစားရဘူး"

မောင်မြားက ငှက်ကိုလေးခွနဲ့ပစ်လို့လွဲသွားရင် တခြားကလေးတွေက ဝိုင်းရယ်ကြတယ်။

"ဟေ့ကောင် မောင်မြား၊ မင်းက လေးပစ်တာလက်မှမတည့်ဘဲ ဘယ်လိုလုပ် ငှက်ရမှာလဲ။ ငှက်သားစားရဖို့ မပြောနဲ့၊ ငှက်ချေးတောင် မရဘူး။ ဟား ဟား ဟား"

ကလေးချင်းစကားနာထိုးတာကို မောင်မြားက မခံချင်ဘူး။ အဲဒါကြောင့် မောင်မြားက ကွင်းပြင်ထဲကိုသွားပြီး တိုင်ကလေးတွေကို မတ်မတ်ထောင်ထားတယ်။ ခြေလှမ်းဆယ်လှမ်းအကွာလောက်မှာ ထိုင်ပြီး တိုင်ကလေးတွေကို လေးခွနဲ့ မှန်အောင်ပစ်တယ်။

"ဟာ... တိုင်နဲ့အဝေးကြီးက ဖြတ်သွားတယ်။ တောက်... ဟိုကောင်တွေ ပြောမယ်ဆိုလည်း ပြောစရာပဲ။ ငါပစ်တဲ့လေးချက်က တိုင်နဲ့ တစ်မိုက်လောက်ကွာနေတော့ ငှက်ကို ဘယ်လိုလုပ်မှန်မှာလဲ။ သူတို့ ပြောတာမှန်နေတာပဲ"

မောင်မြားက သူ့လေးပစ်ချက်တွေ လွဲနေတာကို သူ့ကိုယ်သူ မကျေနပ်ဘူး။ မခံချင်စိတ်နဲ့ တိုင်ကလေးတွေကိုထောင်ပြီး လေးပစ်ကျင့်တယ်။ အဲသလိုနဲ့ သူ့လေးပစ်ချက်တွေက တိုင်နဲ့နီးလာတယ်။ လေးရဲ့ အယူအဆ ခန့်မှန်းမှုတွေကို တစ်နေ့ထက်တစ်နေ့ ချိန်ဆတတ်လာတယ်။

mgyoe.com

mgyoe.com


"ဟဲ့... မောင်မြား၊ နင်ဘယ်သွားနေတာလဲ။ အိမ်အလုပ်ကို ဘာမှ မခိုင်းရဘူး"

"ကွင်းထဲကို သွားနေတာအမေရဲ့"

"နင်ကကွင်းထဲကို ဘာသွားလုပ်ရတာလဲ"

"လေးပစ်ကျင့်နေတာ"

"နင့်နှယ်ဟယ်၊ အိမ်အလုပ်ကို မကူညီဘဲ လေးပစ်ကျင့်နေရတယ်လို့"

"လေးပစ်တာမမှန်တော့ အလှောင်ပြောင်ခံရတယ်အမေရဲ့"

"လေးပစ်တာမှန်တော့ကော နင့်ကိုဘယ်သူက ဆုချမှာမို့လဲ"

"အဲဒီလေးပစ်တဲ့ အတတ်နဲ့ ထင်ရှားကျော်ကြားအောင် ကြိုးစားပြမယ်"

မောင်မြားက မခံချင်စိတ်နဲ့ နေ့တိုင်းလေးပစ်ကျင့်တယ်။ မိဘက ပြောဆိုမှာစိုးလို့ အိမ်အလုပ်တွေကိုလည်း ပြီးစီးအောင်လုပ်ပေးတယ်။

"သေးသေးမွှားမွှားလေးကအစ မှန်အောင် ငါလေ့ကျင့်မယ်။ ဘာလို့ မမှန်ရမှာလဲ။ သူတို့လည်း ဒီလို လေးမျိုးနဲ့ပစ်ကြတာပဲ"

မောင်မြားက ရွံ့စေးခွာပြီး လောက်စာလုံးတွေ အများကြီး လုံးထားတယ်။ လေးပစ်ကျင့်တယ်။

"ဒေါက်"

"ဟေး... ငါတိုင်ကို ထိအောင် ပစ်နိုင်လာပြီ။ ထပ်ကြိုးစားရမယ်"

မောင်မြားက သူဆုံးဖြတ်ထားတဲ့အတိုင်း အသေးအမွှားလေးကအစ မှန်အောင်ပစ်နိုင်တဲ့အထိ ကြိုးစားတယ်။ မောင်မြားလေးပစ်လက်တည့်တာကို လူတိုင်းက အံ့သြကြတယ်။ မောင်မြားလေးပစ်လက်တည့်တာကို မယုံကြည်တဲ့သူတွေက...

"ကြက်ကန်းဆန်အိုးတိုးသလို မတော်တဆထိမှန်သွားတာကို

mgyoe.com

mgyoe.com


လက်တည့်တယ်လို့ ပြောနေကြတာပါ..."

လို့ ပြောတော့ မောင်မြားစိတ်ထဲမှာ မခံချင်စိတ်ဖြစ်သွားတယ်။

"ဟော့ကောင်၊ မင်းသတ္တိရှိရင် လက်ကိုဆန့်တန်းထားပြီး လက်ညှိုးထောင်ထား၊ ငါလေးနဲ့ပစ်မယ်၊ မမှန်ရင် ငါလက်ညှိုးထောင်ထားမယ်၊ မင်းက လေးနဲ့ပစ်" လို့ စိန်ခေါ်လိုက်တယ်။ မောင်မြားကို မနာလိုတဲ့ကောင်လေးက

"အေး... ငါလက်ညှိုးထောင်ထားမယ်၊ မင်းမှန်အောင်ပစ်ပေတော့"

မခိုးမခန့်ပြောတာကြောင့် မောင်မြားက စိတ်ကိုတည်ငြိမ်အောင် စုစည်းလိုက်တယ်။ လောက်စာအိမ်ထဲမှာ လောက်စာလုံးကိုထည့်ပြီး မနာလိုတဲ့ကောင်လေးရဲ့ လက်ညှိုးထိပ်ကို လေးအရှိန်လျှော့ပြီး ပစ်လိုက်တယ်။

"ဖတ်"

"အောင်မလေး၊ သေပါပြီဗျ"

မနာလိုတဲ့ကောင်လေးဟာ သူ့လက်ညှိုးကိုကိုင်ပြီး နာလွန်းလို့ ခုန်ပေါက်နေတယ်။ မောင်မြားက...

"ကြက်ကန်းဆန်အိုးတိုးပြီး မှန်သွားတာပါ သူငယ်ချင်းရယ်"

မောင်မြားရဲ့လေးမှန်သွားတဲ့ကောင်လေးဟာ လက်ညှိုးထိပ် ပွဲ့ထွက်သွားတာကြောင့် အော်ငိုနေရှာတယ်။

"လက်ညှိုးအလယ်ကို ထိအောင်ပစ်ရင် မင်းရဲ့လက်ညှိုးဖြတ်ပစ်ရမှာမို့ လက်ညှိုးထိပ်ဖျားလေးကိုပဲပစ်တာ... အဟင်းဟင်း"

မောင်မြားငှက်ပစ်ထွက်ရင် တစ်နေ့ကို ငှက်အကောင်နှစ်ဆယ်၊ အစိတ်ကအမြဲရတယ်။ မောင်မြားတို့မိသားစုဟာ ငှက်သားဟင်း၊ ငှက်သားကြော်ကို နေ့တိုင်းစားရတယ်။ ရွာထဲက ရွယ်တူသူငယ်ချင်းတွေက...

mgyoe.com

mgyoe.com


"မောင်မြားရယ်၊ မင်းလေးအပစ်တည့်တာက အရေးမကြီးဘူး။ တောထဲကငှက်တွေ ငါတို့ပစ်ဖို့တောင်မကျန်ဘဲ ဖြစ်နေပါဦးမယ်..."

"ငါက အဲသလောက်လည်း မဟုတ်သေးပါဘူးကွာ"

မောင်မြားက...

"အင်း... ဒီရွာမှရော အခြားရွာတွေမှာရော ငါ့လောက်လေးပစ်တည့်တဲ့သူကတော့ မရှိသေးဘူး။ ဒီတိုင်းပြည်ထဲမှာတော့ လေးပစ်တည့်တဲ့သူ ရှိမရှိမသိနိုင်ဘူး။ ငါကျွမ်းကျင်တဲ့ လေးမြားအတတ်ကို တိုင်းပြည်အနှံ့လိုက်လံအစွမ်းပြပြီး စီးပွားရှာရရင် ကောင်းမယ် ထင်တယ်..."

မောင်မြားက သူ့စိတ်ကူးအတိုင်း ဘုရင့်နေပြည်တော်ရှိရာကို ခရီးထွက်လာခဲ့တယ်။

"လေးမြားအပစ်မှာ အလွန်တော်တာ ကျွန်တော်မောင်မြားပါ။ ယှဉ်ပြိုင်သူဗိုလ်မထား မောင်မြားဆိုတဲ့ မောင်မြား"

မောင်မြားက သီချင်းလေးဆိုရင်း တစ်တောဝင်တစ်တောင်တက်နဲ့ ခရီးဆက်ခဲ့တယ်။ အဲသလို ခရီးဆက်လာရင်း တောတန်းလေးတစ်ခုကို အဖြတ်မှာ ခြေထောက်တစ်ဖက်ကွေးနေတဲ့ လူတစ်ယောက်က တုတ်ကို ထောက်ပြီး လျှောက်လှမ်းလာတာကို မောင်မြားက တွေ့လိုက်ရတယ်။ မျက်နှာချင်းဆိုင်တွေ့ကြတော့ မောင်မြားက

"ဘယ်သွားမလို့ပါလဲ မိတ်ဆွေ"

ခြေထောက်ကွေးနေတဲ့သူက သစ်ပင်ရိပ်မှာ မောင်မြားကို မေးငေါ့ပြတယ်။ ဘာမေးတာလဲလို့ ပြန်မေးတဲ့သဘောပေါ့။

"ဩော်... မိတ်ဆွေကို ဘယ်သွားမလို့လဲလို့ မေးလိုက်မိတာ"

"မိတ်ဆွေကကော ဘယ်သွားမှာလဲ"

"ကျုပ်က ဘုရင့်နေပြည်တော်ကို သွားမလို့ ရွာက ထွက်လာခဲ့တာပါ"

mgyoe.com

mgyoe.com


"သင်က ဘုရင့်နေပြည်တော်ကို ဘာသွားလုပ်မှာလဲ"

မောင်မြားနဲ့ ခြေထောက်ကွေးနေတဲ့သူတို့ဟာ သစ်ပင်ရိပ်အောက်မှာ အမောအပန်းဖြေတဲ့သဘော နားနေလိုက်ကြတယ်။

"ဒီလိုမိတ်ဆွေရဲ့၊ ကျုပ်က လေးပစ်တဲ့အတတ်မှာ တစ်ဖက်ကမ်းခပ်အောင်တတ်မြောက်ပါတယ်။ ကျုပ်ရဲ့ရွာနဲ့ အခြားရွာတွေမှာ ကျုပ်လိုအသေးအမွှားလေးကအစ မှန်အောင်ပစ်နိုင်တဲ့သူက မရှိဘူး။ ကျုပ်နဲ့လေးအပစ်ပြိုင်ချင်တဲ့သူရှိရင် ပြိုင်ချင်တယ်။ အဲသလို မဟုတ်ဘဲ ကျုပ်လေးမြားပစ်တာကို မတော်ဘူးထင်တဲ့လူရှိရင်လည်း အလောင်းအစားသဘောမျိုး ပစ်ပြချင်တယ်"

မောင်မြားစကားကို ခြေထောက်ကွေးနေတဲ့သူက ယုံရဲမယုံရဲသဘောမျိုးဖြစ်နေပြီး...

"အဲသလောက်တောင် လေးမြားပစ်တာလက်တည့်သလား"

လို့မေးတယ်။ သူ လေးမြားပစ်ကျွမ်းကျင်တာကို ခြေထောက်ကွေးနေတဲ့သူက မယုံကြည်လို့ ပြန်မေးနေမှန်း မောင်မြားက သိလိုက်တာမို့...

"မိတ်ဆွေက ကျုပ်လေးမြားပစ် ကျွမ်းကျင်တာကို မယုံဘူးထင်တယ်"

ဆိုပြီး မောင်မြားက လေးမြားကိုယူကာ သစ်ပင်ပေါ်ကို ပစ်လိုက်တယ်။

"ဘုတ်"

သစ်ပင်ပေါ်က ငှက်တစ်ကောင်က မြေကြီးပေါ်ကို ပြုတ်ကျလာတယ်။ ခြေထောက်ကွေးနေတဲ့သူက အံ့သြသွားတယ်။

"ဟာ... တကယ်ပါလား။ သစ်ပင်ပေါ်မှာ ငှက်နားနေတာကို မသိဘူး"

mgyoe.com

mgyoe.com


"အင်း... ဒီငှက်က အနီးအနားမှာပဲ ရှိသေးတယ်။ ဟိုး မျက်စိတစ်ဆုံးမှာ မြင်နေရတဲ့ငှက်ကိုတောင် မှန်အောင်ပစ်နိုင်တယ်ဆိုရင် ခင်ဗျား ယုံမလား။ မိတ်ဆွေ ဟိုးအဝေးကသစ်ပင်ပေါ်က သစ်ကိုင်းပေါ်မှာ ငှက်တစ်ကောင် နားနေတယ်။ ဟိုမှာ သစ်ကိုင်းလေးလှုပ်နေတယ်"

မောင်မြားက ခြေထောက်ကွေးနေတဲ့သူကို လက်ညှိုးထိုးပြတယ်။

"အင်း... တွေ့ပြီ။ ဒီနေရာနဲ့ ငှက်နားနေတဲ့သစ်ပင်က အတော်ဝေးတာပဲ"

"ခင်ဗျား ငှက်နားနေတာကို မြင်တယ်ဆိုရင် ကြည့်နေနော်။ မျက်တောင်မခတ်နဲ့"

မောင်မြားက ဟိုးအဝေးက သစ်ပင်ရှိရာကို လေးနဲ့ပစ်လိုက်တယ်။ သစ်ကိုင်းပေါ်မှာ နားနေတဲ့ငှက်ဟာ လေးသီးမှန်ပြီး အောက်ကိုကျသွားတာကို ခြေထောက်ကွေးနေတဲ့သူက မြင်တွေ့လိုက်ရတယ်။

"မိတ်ဆွေရဲ့အစွမ်းကိုတော့ ယုံကြည်သွားပါပြီ"

"အဲဒါကြောင့် နိုင်ငံတော်အတွင်းကို လှည့်လည်ပြီး ကျုပ်ရဲ့ လေးမြားအစွမ်းကို ပြသချင်လို့ ရွာကအရဲစွန့်ပြီး ထွက်လာတာ။ ပထမဦးစွာ မင်းကြီးရဲ့ နေပြည်တော်ကို ရောက်အောင်အရင်သွားမယ်"

"အဲဒါကောင်းတယ်"

"မိတ်ဆွေက နေပြည်တော်ကို သွားတဲ့လမ်းကိုသိရင် ညွှန်ပြပေးပါ"

မောင်မြားရဲ့စကားကို ကြားရတဲ့ ခြေထောက်ကွေးနေသူက...

"အင်း... ဟန်ကျလိုက်တာမိတ်ဆွေရယ်။ ကျုပ်ကလည်း ခရီးသွားဖော်ကို ရှာနေတာနဲ့အတော်ပဲဖြစ်သွားတယ်..."

"မိတ်ဆွေက မင်းရဲ့နေပြည်တော်မှာ ဆွေမျိုးတွေရှိလို့လား"

"ဟာ... ဘယ်ဆွေမျိုးသားချင်းမှ မရှိပါဘူးဗျာ။ ကျုပ်နာမည်

mgyoe.com

mgyoe.com


က 'ငပြေး' လို့ ခေါ်တယ်။ အဲဒီ့နာမည်ကိုကော ခင်ဗျားကြားဖူးသလား"

"ဟင့်အင်း... မကြားဖူးပါဘူး။ ဘာဖြစ်လို့လဲဗျ"

"ကျုပ်က ဟော့ဒီဘယ်ဘက်ခြေထောက်ကို အမြဲကွေးထားရတယ်"

"မိတ်ဆွေက မွေးရာပါ ခြေထောက်ကွေးနေတာ မဟုတ်ဘူးလား"

"ဘယ်ဟုတ်ရမှာလဲဗျာ။ တမင်ကွေးထားရတာ..."

"ဟင်... အထူးအဆန်းပါပဲလား"

"ခြေထောက်ကို အမြဲကွေးမထားလို့လည်း မဖြစ်ပြန်ဘူး"

"ဟင်... ဘာဖြစ်လို့လဲဗျ"

"အဲဒီဘယ်ဘက်ခြေထောက်ကို မြေကြီးပေါ်ကိုချမိတာနဲ့ စိတ်ထဲမှာ ပြေးချင်လွှားချင်စိတ်တွေက ပေါ်လာပြီး ခြေဦးတည့်ရာကို မရပ်မနား ပြေးမိတော့တာပဲ"

"ဟင်"

"ကျုပ်ရဲ့ပြေးနှုန်းဟာ ဘယ်လောက်မြန်သလဲဆိုရင် ဟောဟိုက ကွင်းပြင်ကျယ်ကြီးကို တွေ့မြင်ရတယ် မဟုတ်လား"

"ဟိုးခပ်ရေးရေးသာ မြင်ရတဲ့ကွင်းပြင်ကျယ်ကြီးကို ပြောတာလား"

"ဟုတ်ပါ့ဗျာ။ အဲဒီ့ကွင်းပြင်ကျယ်ကြီးရှိတဲ့နေရာကို ဒီနေရာက ပြေးရင် ခင်ဗျားပါးစပ်ထဲမှာ ရှိတဲ့တံတွေးကို မြေကြီးပေါ်ကို ထွေးချလိုက်"

"အင်း"

"ခင်ဗျားထွေးလိုက်တဲ့တံတွေး မြေကြီးပေါ်ကို မကျခင် ကျုပ်က ဟိုးကကွင်းပြင်ကျယ်ကြီးထဲကို ရောက်သွားပြီ"

"ဟာ... ဒီလောက်တောင်ပဲလားဗျာ"

"အဲဒါကြောင့် ကျုပ်ဟာ ဘယ်ဘက်ခြေထောက်ကို အမြဲကွေး

mgyoe.com

mgyoe.com


ထားရပြီး တုတ်ထောက်ပြီး သွားလာနေရတာပေါ့ မိတ်ဆွေရယ်။ ကျုပ်အပြေးမြန်လို့ ကျုပ်ရွာကလူတွေက ငပြေးလို့အမည်ပေးရင်း အဲဒီနာမည်ကို လူသိများသွားရတာပဲ"

"ဩော်… ဒီလိုကိုး"

"အခု မိတ်ဆွေနဲ့တွေ့ရတာ ဝမ်းသာစရာပါပဲ။ ကျုပ်လည်း မင်းနေပြည်တော်ကို သွားပြီး ကျုပ်နဲ့အပြေးပြိုင်နိုင်မယ့်လူကို လာရှာတာပဲ။ ကျုပ်ထက်အပြေးမြန်တဲ့သူကို တွေ့တော့လည်း ကိုယ့်ရွာကိုယ်ပြန်ရုံပေါ့။ အခုတော့ ခင်ဗျားနဲ့အတူ မင်းနေပြည်တော်ကိုရောက်အောင် သွားကြတာပေါ့"

မောင်မြားနဲ့ငပြေးတို့က ငှက်သေကို မီးကင်စားကြတယ်။

"ခင်ဗျားပါလာတော့ လမ်းခရီးမှာ စားစရာအတွက် စိတ်မပူရတော့ဘူးပေါ့"

"စိတ်ချ၊ ငှက်သားကတော့ မျိုးစုံစားရပါစေ့မယ်"

မောင်မြားနဲ့ ငပြေးတို့ဟာ မင်းနေပြည်တော်ကို ခရီးဆက်ခဲ့ကြတယ်။ လမ်းမှာ သစ်သီးတွေတွေ့ရင် မောင်မြားက လေးနဲ့ပစ်ချတယ်။ သစ်သီးတွေကို မောင်မြားနဲ့ငပြေးတို့ အတူတကွ စားကြပြီး ခရီးဆက်ခဲ့ကြပြန်တယ်။

"ကျုပ်ကတော့ လေးမြားအပစ်ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ချင်တဲ့သူတွေ တွေ့ပါစေလို့ ဆုတောင်းနေမိတယ်"

"ကျုပ်ကလည်း ကျုပ်နဲ့အပြေးပြိုင်ချင်တဲ့သူ တွေ့ပါစေလို့ ဆုတောင်းနေရတာပဲ"

"အင်း ဟုတ်တယ်ဗျ၊ အဲဒါမှ အဲဒီက ရတဲ့ငွေတွေနဲ့ ရွာကိုပြန်ပြီး အေးအေးလူလူနဲ့ နေထိုင်နိုင်မှာဗျ"

"ကျုပ်ကတော့ ကျုပ်ထက်အပြေးမြန်တဲ့သူကို တွေ့ရင် ရရာ

mgyoe.com

mgyoe.com


အလုပ်ကိုလုပ်ပြီး အဲဒီလူကို တစ်သက်လုံး ကျွေးမွေးထားမယ်"

မောင်မြားနဲ့ငပြေးတို့ဟာ စကားတပြောပြောနဲ့ ခရီးဆက်လာကြရာ ရွာတစ်ရွာကို ရောက်လာကြတယ်။

ရာသီဥတုက အလွန်ပူပြင်းတာကြောင့် မောင်မြားနဲ့ငပြေးတို့က ရေကို အလွန်သောက်ချင်နေကြတယ်။ ရွာထဲက အိမ်တစ်အိမ်ကိုဝင်ပြီး ရေတောင်းသောက်ဖို့ စိတ်ကူးမိကြတယ်။ မောင်မြားနဲ့ငပြေးတို့က ရွာထဲက အိမ်တစ်အိမ်ကို ဝင်လိုက်ကြတယ်။

"အိမ်ရှင်တို့ခင်ဗျား၊ အိမ်ရှင်တို့"

"ရေငတ်လာလို့ ရေတစ်ခွက်လောက် ကျေးဇူးပြုတိုက်ပါခင်ဗျား"

"ဟင်"

အဲဒီအိမ်ရှင်ဟာ အိမ်ထဲမှာ ရှိနေပေမဲ့လည်း ဝါးခမောက်တစ်ချပ်ဆောင်းထားတာကို တွေ့လိုက်ရတယ်။

"ဟင်... ဒီလူက လူထူးလူဆန်းတစ်ယောက်ပါလား။ ပြီးတော့ ဝါးခမောက်ကို ခေါင်းမှာဆောင်းမထားဘဲ နားရွက်တစ်ဖက်ကို အုပ်ဆောင်းထားတာကတော့ အံ့ဩစရာပေပဲ"

အိမ်ထဲက ခမောက်ဆောင်းထားတဲ့လူက မောင်မြားနဲ့ငပြေးတို့ သူ့အိမ်ထဲဝင်လာတာကို မြင်သွားတယ်။

"အိမ်ရှင်ခင်ဗျား၊ ကျွန်တော်တို့ နှစ်ယောက်ရေဆာလာလို့"

"သြော်... ခရီးသွားတွေထင်တယ်။ နေပူထဲမှာ ခရီးဆက်လာခဲ့ကြလို့ ခရီးပန်းလာကြတယ် ထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျား၊ နေကတအားပူတော့ ရေဆာလို့ ရေတစ်ခွက်လောက်တိုက်ပါခင်ဗျား"

"ကျုပ်တဲပေါ်မှာ ခဏလောက်အနားယူကြပါဦး။ ရေကိုလည်း ကြိုက်သလောက် သောက်သုံးနိုင်ပါတယ်"

mgyoe.com

mgyoe.com


မောင်မြားနဲ့ငပြေးတို့က တဲပေါ်မှာ ရေအိုးစင်ကို ရှာပေမဲ့ မတွေ့ရဘူး။

"မိတ်ဆွေရယ်၊ ဘယ်မှာလဲ ရေအိုးစင်၊ ရေဆာလွန်းလို့ပါဗျာ"

မောင်မြားစကားကြောင့် တဲအိမ်ပိုင်ရှင်က အသံထွက်အောင် ရယ်မောနေလို့ သူတို့နှစ်ယောက် ကြောင်အမ်းအမ်းဖြစ်သွားရတယ်။

"ဘာလို့ရယ်နေတာလဲမိတ်ဆွေရယ်။ ရေဆာလို့ ရေတောင်းသောက်တာကို..."

"ဟား... ဟား... ဟား... ကျုပ်က ဘယ်တုန်းကမှ ရေသောက်ခဲ့သူမဟုတ်ဘူး။ ရေလည်း မဆာတတ်ဘူး။ ကျုပ်တဲထဲမှာ ရေအိုးစင်လည်း မထားဘူး။ ရာသီဥတု ဘယ်လောက်ပူပူ ကျုပ်ခမောက်ကို ဆောင်းထားလိုက်ရင် ရေမဆာဘူး။ ခင်ဗျားတို့လည်း ရေဆာရင် ကျုပ်ခမောက်ကို ခေါင်းတစ်ဝက်ဆောင်းထားလိုက်"

"ခင်ဗျားခမောက်ကို ဆောင်းထားရုံနဲ့ ရေငတ်ပြေရောလားဗျ၊ မဖြစ်နိုင်တာ"

"ကျုပ်တကယ်ပြောတာဗျ၊ ကျုပ်ရဲ့ခမောက်ကို ခင်ဗျားတို့ခေါင်းအပြည့်ဆောင်းထားရင် ခင်ဗျားတို့ သေသွားနိုင်တယ်"

"ရေဆာပါတယ်ဆိုမှ မကြားဖူးတာတွေ လာပြောနေတယ်။ စိတ်ပျက်လိုက်တာဗျာ"

လို့ မောင်မြားက ပြောမိတော့တယ်။

"မောင်မြား ငါတို့ရေဆာလာပြီ။ သူပြောသလို သူ့ခမောက်ကို ငါတို့တစ်ယောက်တစ်ခြမ်း ဆောင်းထားကြည့်ရအောင်"

လို့ ငပြေးက ပြောတာနဲ့ အိမ်ရှင်ရဲ့ခမောက်ကိုယူပြီး သူတို့နှစ်ယောက် တစ်ယောက်တစ်ခြမ်းဆောင်းထားလိုက်ကြတယ်။

"အင်း ဟုတ်သားပဲ။ ရေဆာနေတာတွေ ပျောက်သွားသလိုပဲ"

mgyoe.com

mgyoe.com


"အေးဗျ။ အတော်အစွမ်းထက်တဲ့ ခမောက်ပါလား"

"အင်းနော်... ကျုပ်တို့တစ်ကိုယ်လုံးလည်း အေးမြသွားသလိုပဲ။ ပင်ပန်းနွမ်းနယ်နေတာတွေလည်း ပြေပျောက်သွားသလိုပဲ"

"ကျုပ်တို့ သွားမယ့်ခရီးလမ်းမှာ ဒီခမောက်ကို ယူသွားချင်စိတ်တောင် ဖြစ်လာမိတယ်ဗျာ"

မောင်မြားနဲ့ငပြေးတို့က တဲအိမ်ရှင်ကို တအံ့တသြကြည့်နေမိကြတယ်။

"ဒါနဲ့ ခင်ဗျားတို့နှစ်ယောက်က ဘယ်သွားကြမလို့လဲ"

မောင်မြားနဲ့ငပြေးတို့က သူတို့ မင်းနေပြည်တော်ကို ဘာကြောင့်သွားနေကြတာလဲဆိုတာကို တဲအိမ်ရှင်ကို ပြောပြလိုက်တယ်။

"မင်းရဲ့နေပြည်တော်မှာ မိတ်ဆွေရဲ့ခမောက်အစွမ်းထက်ပုံကို ပြသလိုက်ရင် လူတွေက တအံ့တသြဖြစ်ပြီး ငွေတွေ အများကြီးရမှာ သေချာတယ်..."

"ဟုတ်ပါ့မလားဗျာ။ ခင်ဗျားတို့ပြောတာကို ကျုပ်စိတ်ဝင်စားသလိုပဲ။ ကျုပ်လည်း ခင်ဗျားတို့နဲ့အတူ မင်းနေပြည်တော်ကို လိုက်ချင်လိုက်တာဗျာ"

"လိုက်စေချင်လို့ ပြောနေတာပေါ့"

"ဩော် ဒါနဲ့ မိတ်ဆွေရဲ့နာမည်ကို ကျုပ်တို့သိရအောင် ပြောပြပါဦး"

"ကျုပ်က အမြဲတမ်း ခမောက်ဆောင်းနေလို့ ရွာက လူတွေက ကျုပ်ကို 'ဖိုးဆောင်း' လို့ ခေါ်ကြတယ်ဗျ"

မောင်မြား၊ ငပြေးနဲ့ ဖိုးဆောင်းတို့ သုံးဦးပေါင်းမိကြပြီး မင်းနေပြည်တော်ရှိရာကို ခရီးဆက်ခဲ့ကြတယ်။

မိတ်ဆွေသုံးဦးတို့ဟာ စကားတပြောပြောနဲ့ ခရီးဆက်လာခဲ့ကြရာ

mgyoe.com

mgyoe.com


တောအုပ်တစ်ခုထဲမှာ ခွန်အားဗလကောင်းတဲ့လူတစ်ဦးနဲ့ တွေ့ဆုံမိကြတယ်။

အဲဒီဗလကောင်းတဲ့သူကြီးက လူနှစ်ယောက်ဖက်စာရှိတဲ့ သစ်ပင်ကြီးကို အမြစ်ကဆွဲနုတ်ပြီး လက်နှစ်ဖက်နဲ့ကိုင်လို့ ထက်ပိုင်းချိုးနေတာကို သူတို့မြင်တွေ့ကြရတယ်။

"အလဲ့... အတော်ခွန်အားဗလ ကောင်းတဲ့လူသန်ကြီးပါလား"

"အေးဗျာ၊ သစ်ပင်ပင်စည်ကြီးကို သစ်ကိုင်းလေးချိုးနေသလားအောက်မေ့ရတယ်"

မောင်မြား၊ ငပြေး၊ ဖိုးဆောင်းတို့က လူသန်ကြီးကို လက်ခုပ်လက်ဝါးတီးပြီး အားပေးလိုက်ကြတယ်။

"ဖြောင်း... ဖြောင်း... ဖြောင်း"

"ဟင်... မိတ်ဆွေတို့က ခရီးသွားတွေထင်ပါရဲ့"

"ဟုတ်ပါတယ်ခင်ဗျား၊ ခွန်အားဗလကောင်းတဲ့မိတ်ဆွေရဲ့ အားကောင်းမောင်းသန်မှုကို ကြည့်ပြီး ရင်သပ်ရှုမောဖြစ်နေကြတာပါ"

"ဒါက ကျုပ်လုပ်ကိုင်နေကျအလုပ်ပါပဲ။ အထူးအဆန်းတော့ မဟုတ်ပါဘူး။ ဒါနဲ့ မိတ်ဆွေတို့သုံးယောက်က ဘယ်ခရီးကို သွားကြမလို့လဲ"

"ကျုပ်တို့သုံးယောက်က"

မောင်မြား၊ ငပြေး၊ ဖိုးဆောင်းတို့သုံးယောက်က သူတို့ခရီးထွက်လာရခြင်းအကြောင်းကို ဗလကြီးကို ပြောပြလိုက်တယ်။

"ခင်ဗျား ခွန်အားဗလကောင်းတာကို ပြသပြီး ငွေရှာလို့ရတာပဲ။ ခင်ဗျားကို ကျုပ်တို့နဲ့အတူ မင်းနေပြည်တော်ကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ချင်တယ်"

မောင်မြား၊ ငပြေး၊ ဖိုးဆောင်း၊ ဗလတို့လေးယောက် ပေါင်းမိသွား

mgyoe.com

mgyoe.com


ပြီး မင်းနေပြည်တော်ကို ခရီးဆက်ခဲ့ကြတယ်။ သစ်ပစ်တစ်ပင်အောက်မှာ ထိုင်ရင်း အမောအပန်းဖြေနေမိကြတယ်။ မောင်မြားက သူလေးခွနဲ့ စားသောက်ရေး တာဝန်ယူတယ်။ ဖိုးဆောင်းက ခရီးပင်ပန်းပြီး ရေမဆာအောင် သူ့ခမောက်ဆောင်းခိုင်းပြီး ကူညီတယ်။

သူတို့လေးယောက် သစ်ပင်အောက်မှာထိုင်ပြီး အမောအပန်းဖြေနေကြတုန်း တောင်ကုန်းပေါ်က အသံနဲ့အတူ လေပြင်းတိုက်ခတ်လာတာမို့ သူတို့ကြောက်လန့်သွားကြတယ်။

"ရာသီဥတုလည်း ကောင်းရဲ့သားနဲ့ ဘာကြောင့်လေပြင်းကတိုက်ခတ်နေရတာလဲ"

"အင်း... ဟုတ်တယ်။ အတော်ထူးဆန်းတာပဲနော်"

"ကောင်းကင်ကလည်း ကြည်လင်နေတာပဲ"

လေပြင်းက တိုက်ခတ်လိုက်၊ ပျောက်သွားလိုက်ဖြစ်နေတယ်။ သူတို့လေးယောက်ဟာ ခရီးဆက်ရမလို ထိုင်နေရမလိုနဲ့ စဉ်းစားရခက်နေကြတယ်။

"ငါတို့တောလမ်းခရီးမှာ ဘာအမှားအယွင်းမှ မလုပ်မိကြပါဘူး"

"ကျွန်ုပ်တို့မှာ အမိုက်အမဲများရှိရင် သည်းခံခွင့်လွှတ်တော်မူပါ"

"ဟာ ဗလကလည်း ကိုယ့်ဗလကိုမှ မထောက် ဘာတွေ တောင်းပန်နေရတာလဲ"

"လေပြင်းက ကြမ်းကြမ်းတမ်းတမ်း တိုက်လိုက်၊ ရပ်သွားလိုက်ဆိုတော့ စိတ်ထဲကကြောက်လာလို့"

"ဟာ ဘာကြောက်စရာရှိလဲ"

သူတို့တွေ ကြောက်လန့်နေချိန်မှာ တောင်ကုန်းပေါ်က လူတစ်ယောက်က ဆင်းလာတယ်။ အဲဒီလူက မောင်မြားတို့ လေးယောက်ကိုတွေ့တော့...

mgyoe.com

mgyoe.com


"ခင်ဗျားတို့လေးယောက်က ဒီနေရာမှာ ဘာလာလုပ်နေကြတာလဲ၊ ကျုပ်က ခင်ဗျားတို့ ရှိမှန်းမသိလို့ လေကိုပြင်းပြင်းရှူလိုက်မိတာ..."

အဲဒီလူရဲ့စကားကြောင့် မောင်မြားတို့လေးယောက်ဟာ တစ်ယောက်ကို တစ်ယောက်ကြည့်မိကြတယ်။

"ဗျာ... ခုနက တောင်ပေါ်ကနေ လေပြင်းတွေတိုက်ခတ်နေတာဟာ ခင်ဗျားက လေပြင်းပြင်းရှူထုတ်လိုက်တာ၊ ပြင်းထန်လှချေလားဗျာ၊ ဒီအတိုင်းသာဆိုရင်..."

"ဟုတ်တယ်။ ကျုပ်က အသက်ရှူရင် ပြင်းထန်သလို လေပြန်ထုတ်ရင်လည်း ပြင်းထန်တယ်"

"ဟာ... ကြောက်စရာကြီးပါလား"

"ခင်ဗျားတို့လေးယောက်က ဘယ်သွားကြမလို့လဲ"

"ကျွန်တော်တို့လေးယောက်က..."

မောင်မြားက သူတို့လေးယောက်ရဲ့ဆန္ဒကိုယ်စီကို လေပြင်းအား ပြောပြလိုက်တော့...

"ကျုပ်လည်း ခင်ဗျားတို့နဲ့အတူ မင်းနေပြည်တော်ကိုလိုက်ခဲ့မယ်"

"ကောင်းတာပေါ့ဗျာ..."

မောင်မြား၊ ငပြေး၊ ဖိုးဆောင်း၊ ဗလ၊ လေပြင်းတို့ ငါးယောက်ဟာ မင်းနေပြည်တော်ကို အတူတကွလာခဲ့ကြတယ်။

"အင်း... မင်းနေပြည်တော်ကိုရောက်ဖို့ သိပ်မဝေးတော့ဘူးဆိုတော့ အားတင်းပြီး လျှောက်လှမ်းကြစို့ မိတ်ဆွေတို့ရေ..."

သူတို့ငါးယောက်ဟာ နောက်တစ်နေ့ ခရီးဆက်ကြတဲ့အခါ မင်းနေပြည်တော်အနီးက ရွာတစ်ရွာကို ရောက်လာကြတယ်။ အဲဒီရွာက အဘွားအိုတစ်ဦးရဲ့ယာခင်းထဲမှာ နေခွင့်တောင်းပြီး နေကြတယ်။

"ကျုပ်တို့နေ့စဉ်ရက်ဆက် ခရီးသွားလာလိုက်တာ ရက်တွေ

mgyoe.com

mgyoe.com


မနည်းတော့ဘူး။ အတော်လည်း ပင်ပန်းနေကြပြီ။ အဘွားရဲ့ယာခင်းထဲမှာ နားနေကြဦးစို့။ ပြီးမှ မင်းနေပြည်တော်ကို သွားကြတာပေါ့"

"အင်း... အဲဒါကောင်းတယ်"

မောင်မြားတို့ ငါးယောက်ဟာ အဘွားအိုရဲ့ယာခင်းကို ကူညီလုပ်ကိုင်ပေးကြတယ်။ မောင်မြားက ဟင်းစားရှာကျွေးတယ်။ အဘွားအိုကိုလည်း ကျွေးမွေးတယ်။

တစ်နေ့ ရွာထဲဘက်က မောင်းလည်ခတ်သံကို သူတို့ငါးယောက်ကြားလိုက်ရတယ်။ ဘာကြောင့် မောင်းလည်ခတ်သလဲဆိုတာကို သူတို့သိချင်သွားကြတယ်။

"ရွာထဲမှာ ဘယ့်အတွက် မောင်းလည်ခတ်တာလဲအဘွား"

"အဘွားတို့တိုင်းပြည်က ဘုရင်ကြီးရဲ့သမီးတော်ဟာ အလွန်အပြေးမြန်တယ်ကွဲ့၊ အင်မတန် အပြေးကောင်းတဲ့မြင်းတွေတောင် သူ့ကိုနိုင်အောင်မပြေးနိုင်ကြဘူး။ ဘုရင့်သမီးတော်နဲ့ အပြေးပြိုင်ဝံ့သူ ရှိမရှိ အမြဲတမ်း မောင်းလည်ခတ်ပြီး ကြော်ငြာလေ့ရှိတယ်"

"ဟင် စိတ်ဝင်စားစရာပဲ"

"ဘုရင့်သမီးတော်ကို ယှဉ်ပြိုင်မယ့်သူပေါ်လာရင်လည်း အပြေးပြိုင်ပွဲကို ခမ်းခမ်းနားနားကျင်းပလေ့ရှိတယ်။ ဘုရင်ကြီးက သူ့သမီးကိုနိုင်အောင်ပြေးနိုင်ရင် အဲဒီလူကို သူရဲ့သမီးတော်နဲ့ လက်ထပ်ပေးမယ်တဲ့။ အခုအချိန်အထိတော့ ဘုရင့်သမီးတော်ကို ဘယ်သူမှ နိုင်အောင်မပြေးနိုင်ကြသေးဘူး"

အပြေးမြန်တဲ့ငပြေးရဲ့ မျက်နှာက ဝင်းလက်သွားတယ်။

"ကျုပ်ဘုရင့်သမီးတော်နဲ့ အပြေးပြိုင်ဖို့ စာရင်းသွားပေးမယ်"

ငပြေးစကားကို ကြားရတဲ့အဘွားအိုက အသံထွက်အောင်ရယ်မောတယ်။

mgyoe.com

mgyoe.com


"တုတ်ထောက်ပြီးသွားနေရတဲ့ ခြေထောက်ကွေးနေသူက ဘုရင့်သမီးတော်နဲ့ အပြေးပြိုင်ဖို့ စာရင်းသွားပေးမယ်။ ရယ်စရာတွေ မပြောပါနဲ့ကွယ်၊ ဟား... ဟား... ဟား"

"ကျွန်တော်ရဲ့အစွမ်းသတ္တိကို အဘွားသိရအောင် ရှင်းပြဖို့က အချိန်မရတော့ဘူး။ ကဲ မိတ်ဆွေတို့၊ ကျုပ်စာရင်းသွားပေးမယ်။ လိုက်ခဲ့ကြဦး"

ငပြေးက သူ့မိတ်ဆွေလေးယောက်ကို ခေါ်ပြီး နန်းတော်တွင်းကို သွားတယ်။ ဘုရင့်သမီးတော်နှင့် အပြေးပြိုင်လိုတယ်ဆိုပြီး စာရင်းပေးလိုက်တယ်။ မှူးမတ်တွေက ငပြေးရဲ့အမူအရာကိုကြည့်ပြီး မျက်နှာပြုံးစိစိဖြစ်သွားကြတယ်။

"သင်လို ခြေထောက်တစ်ဖက်ကွေးနေသူက ငါတို့အရှင်ရဲ့သမီးတော်နဲ့ အပြေးပြိုင်မလို့ဟုတ်လား။ ငါတို့အရှင်က သူ့ကိုလှောင်ပြောင်တယ်ထင်ပြီး အသတ်ခံရမှာ သင်မကြောက်ဘူးလား။ ငါတို့အရှင်က သူ့ကိုမခန့်လေးစားလုပ်ရင် သည်းခံမှာမဟုတ်ဘူးနော်... အဲဒါတော့ သင်သတိထားဖို့ကောင်းတယ်"

"တကယ်ပဲ ယှဉ်ပြိုင်ဝံ့လို့ စာရင်းပေးတာပါ အမတ်မင်း"

"အိမ်း... ကောင်းပြီ၊ ငါစာရင်းတင်သွင်းပေးမယ်"

အမတ်မင်းက ဘုရင်ကို စာရင်းတင်သွင်းပေးတယ်။ ဘုရင်မင်းမြတ်က သူ့သမီးတော်နဲ့ အပြေးပြိုင်မယ့် ငပြေးကို ဝင်ရောက်ခစားဖို့ ခွင့်ပြုတယ်။ တုတ်ထောက်ပြီး ဝင်လာတဲ့ ငပြေးကို ဘုရင်မင်းမြတ်က ကြည့်ပြီး ပြုံးတော်မူတယ်။

"မောင်မင်းက ငါ့အရှင်ရဲ့သမီးတော်နဲ့ အပြေးပြိုင်မယ့်သူလား"

"မှန်လှပါဘုရား"

"မောင်မင်းကို ငါ့သမီးတော်နဲ့ အပြေးပြိုင်ခွင့် ပြုတော်မူတယ်။

mgyoe.com

mgyoe.com


သမီးတော်ကို နိုင်အောင်မပြေးနိုင်ဘူးဆိုရင်တော့ သင့်ကိုသတ်စေလို့ အမိန့်ပေးရမှာပဲ"

"အမိန့်တော်ကို နာခံပါ့မယ်ဘုရား"

"မနက်ဖြန်ကျရင် မောင်မင်းနဲ့ သမီးတော်တို့ရဲ့ အပြေးပြိုင်ပွဲကို စတင်မယ်"

ငပြေးတို့ငါးယောက်က အဘွားအိုရဲ့ ယာခင်းထဲကို ပြန်လာခဲ့ကြတယ်။

"ဟော့... ငပြေး၊ ဘုရင့်သမီးတော်က အတော်အပြေးမြန်တယ်လို့ သိရတယ်။ သင်နိုင်အောင် ပြေးနိုင်ပါ့မလား။ မနိုင်ရင်အသတ်ခံရမှာ နော်"

လို့ မောင်မြားက မေးတယ်။

"ဟင်း... ကျုပ်ရဲ့အစွမ်းကို မသိသေးလို့ အထင်သေးနေကြတာပါ၊ မောင်မြားတို့လေးယောက်ကလည်း ကျုပ်အစွမ်းကို မယုံကြည်ကြဘူး ထင်တယ်။ မနက်ကျရင် ကျုပ်ရဲ့အစွမ်းကို သင်တို့လည်း သိရမှာပါ"

"ကျုပ်တို့က သင်အသတ်ခံရမှာကို စိုးရိမ်နေလို့ပါဗျာ..."

"ဘုရင့်သမီးတော်ကိုရရင် ကျုပ်တို့ကိုလည်း မေ့မသွားနဲ့ဦးနော်"

"ဟာ... မိတ်ဆွေတို့ကလည်း တစ်ခရီးတည်းအတူလာခဲ့ကြတဲ့ သူတွေပဲ၊ စိတ်ဝမ်းကွဲတဲ့စိတ် လုံးဝမရှိပါဘူး"

နောက်တစ်နေ့မနက်မှာ ငပြေးတို့ငါးယောက်ဟာ အပြေးပြိုင်ရမယ့်ကွင်းထဲကို သွားကြတယ်။ ဘုရင်သမီးတော်နဲ့ ငပြေးတို့ပြေးရမယ့် ခရီးတာဝေးက မသေးလှပါ။

"ဟိုးက ခပ်ရေးရေးသာလှမ်းမြင်နေရတဲ့ အလံတိုင်မှာ ပန်းဝင်ရမှာနော် ငပြေး"

mgyoe.com

mgyoe.com


"အို... ဒီခရီးလောက်က ဘာဝေးတာမှတ်လို့၊ တံတွေးမျိုချလို့ အစာအိမ်ထဲကို မရောက်ခင် ကျုပ်က ပန်းဝင်ပြီးသားပဲ"

"ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမနေနဲ့ဦး ငပြေးရေ..."

ဘုရင့်သမီးတော်နဲ့ ငပြေးတို့ရဲ့ အပြေးပြိုင်ပွဲကို လာရောက်ကြည့်ရှုအားပေးကြတဲ့ ပရိသတ်အင်အားဟာ တာထွက်တဲ့နေရာက ပန်းဝင်တဲ့နေရာအထိ ပြည့်နှက်လို့ နေပါတယ်။

"ဟဲ့... ငပြေး၊ ဘုရင့်သမီးတော်က အလွန်ချောမောလှပတာနော်။ သူ့အလှအပမှာ မိတ်ဆွေယစ်မူးသွားပြီး မပြေးနိုင်ရင် ကျုပ်တို့အားလုံး သေဒဏ်အပေးခံရမှာနော်"

"ကျုပ်က အပြေးပြိုင်ပြီး စီးပွားရှာဖို့လာခဲ့တာ၊ ဘုရင့်သမီးတော် ချောမောလှပတာကို ကျုပ်စိတ်မဝင်စားပါဘူး"

"ကျုပ်တို့ရဲ့အသက်ဟာ မိတ်ဆွေရဲ့ ကြိုးစားမှုအပေါ်မှာ မူတည်တယ်နော် ငပြေး"

"စိတ်ချပါ၊ သေအတူရှင်မကွာပေါ့"

"ဟာ... ငပြေး၊ ငါ့အောက်မျက်ခမ်းတွေ လှုပ်နေတယ်နော်"

"ငပြေး၊ သင်နဲ့ဘုရင့်သမီးတော်တို့ အပြေးပြိုင်ရမှာက ရိုးရိုးအပြေးပြိုင်တာမျိုး မဟုတ်ဘူးနော်"

"သိတယ်၊ ရေအပြည့်ထည့်ထားတဲ့ အိုးတစ်လုံးကိုကိုင်ပြီး ပြေးရမှာဗျ"

"ပြေးလို့နိုင်တာတောင် ရေအိုးထဲက ရေလျော့နေရင် အရှုံးပေးရမယ်"

"သင့်ကို မနိုင်အောင် တမင်ဖန်တီးထားတာများလား"

"သုံးချင်တဲ့ဉာဏ်ကို သုံးစမ်းပါစေ၊ ငပြေးတို့က မမှုပါဘူး"

ငပြေးက ပြိုင်ပွဲဝင်ဖို့ အသင့်ဖြစ်နေတယ်။ ပြိုင်ပွဲအစီအစဉ်အတိုင်း

mgyoe.com

mgyoe.com


ငပြေးက ရေအပြည့်ထည့်ထားတဲ့ အိုးတစ်လုံးကို ပိုက်ထားပါတယ်။ ဘုရင်ကြီးက တာထွက်ဖို့အချက်ပေးလိုက်ပါတယ်။

"ဒူ"

ငပြေးက ကွေးထားတဲ့ သူရဲ့ဘယ်ဘက်ခြေထောက်ကို မြေမှာ ချမိတာနဲ့ တစ်ဟုန်ထိုးပြေးပါတော့တယ်။

"ဟင်"

"ဟာ"

"အို... မြန်လိုက်တဲ့ ခြေထောက်ကွာ၊ လေတိုက်တာထက်တောင် မြန်သေးတယ်"

"ဟင်း... ကျုပ်တို့ဘုရင့်သမီးတော်လည်း အပြေးမြန်တာပါပဲ"

"ဟော့... ငပြေးကွ၊ ငပြေး"

ပန်းဝင်ခါနီးမရောက်ခင်မှာ ငပြေးက သူရဲ့ဘယ်ဘက်ခြေထောက်ကို ပြန်ကွေးပြီးနောက်ကို လှည့်ကြည့်လိုက်တယ်။

"ဟင်း... အပြေးမြန်တဲ့ဘုရင့်သမီးတော်လို့ ပြောပြီး နောက်မှာ အရိပ်အယောင်တောင် မမြင်ရသေးပါလား"

အဲဒီအချိန်မှာ မောင်မြား၊ ဖိုးဆောင်း၊ ဗလ၊ လေပြင်းတို့ လေးယောက်က

"ဟာ... ဟိုမှာ ငပြေးက ဘာလို့ရပ်နေရတာလဲ။ ဘုရင့်သမီးတော် ကလည်း အပြေးမြန်တော့ ငပြေးက နိုင်ပါ့မလား မသိဘူး"

"ငါတို့တော့ ငပြေးစကားကို ယုံမိတာမှားပြီထင်တယ်"

ဘုရင့်သမီးတော်ကလည်း...

"ဟိုခြေထောက်ကွေးနေတဲ့သူ ငါ့ရှေ့က လျှပ်စီးလက်သလို ပြေးသွားတာ ဟိုရှေ့မှာ မြင်တောင်မမြင်ရဘူး။ ဟင်း... ငါသူ့ကို မနိုင် ရင်တော့ အဲဒီခြေထောက်ကွေးနေတဲ့သူကို ငါလက်ထပ်ရတော့မယ်"

mgyoe.com

mgyoe.com


လို့တွေးပြီး စိတ်ပူနေတယ်။

ဘုရင့်သမီးတော်က အားစိုက်ခွန်စိုက် ပြေးလာတယ်။ လက်ထဲမှာ ဖွေ့ပိုက်ထားတဲ့ရေအိုးထဲက ရေလျှော့မသွားအောင်လည်း သတိထားပြေးနေရတယ်။

ငပြေးကလည်း...

"တစ်ခါတည်းပြေးပြီး ပန်းဝင်လိုက်ရင် အားနွဲ့တဲ့မိန်းကလေး အပေါ်မတရားရာကျမယ်...၊ ဒီတော့ ဒီနေရာမှာ ခဏထိုင်စောင့်ရင်း နားနေဦးမှပဲ"

ငပြေးက လက်ထဲကရေအိုးကို အသာချပြီး ထိုင်စောင့်နေလိုက်တယ်။ ခဏကြာတဲ့အထိ မင်းသမီးလေးရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရသေးတာမို့ လှဲနေရင်း အိပ်ပျော်သွားပါတယ်။

"ဩော်... ဟိုခြေထောက်ကွေးနေတဲ့သူက ဆက်မပြေးဘဲ ငါ့ကို လှောင်ပြောင်သလို လမ်းမှာလှဲအိပ်တောင်နေလိုက်သေးတယ်။ အဟင်းဟင်း"

မင်းသမီးလေးက ပြေးလာရင်း ငပြေး အိပ်နေတဲ့အနားကို ရောက်လာတယ်။ ငပြေးရဲ့ဘေးက ရေအိုးကို ခြေထောက်နဲ့ကန်ပြီး မှောက်ပစ်လိုက်တယ်။

"အဟင်းဟင်း... ဒီလောက်အပြေးမြန်တဲ့သူ၊ သင်ပန်းဝင်လာရင်လည်း သင့်ရေအိုးထဲမှာ ရေမရှိတော့ဘူး"

မင်းသမီးလေးက ငပြေးကို မထီမဲ့မြင်ပြုပြီး ဆက်ပြေးလာခဲ့တယ်။

"ငါနဲ့အပြေးပြိုင်ချင်တဲ့သူ မနက်ဖြန်မှာ သူရော၊ သူ့အဖော်လေးယောက်ပါ အဆုံးစီရင်ခံရမှာတော့ သေချာသွားပြီ"

သူ့ဘေးနားက ရေအိုးမှောက်သွားပေမဲ့လည်း ငပြေးက မနိုးသေးဘူး။ အဲဒီအခြင်းအရာကို မြင်တွေ့နေရတဲ့ မောင်မြားက ငပြေး

mgyoe.com

mgyoe.com


ခေါင်းအုံး အိပ်နေတဲ့ သစ်တုံးကို မြားနဲ့လှမ်းပစ်လိုက်တယ်။

"ဒုတ်"

"ဟ ဘာလဲ"

သစ်တုံးက ငပြေးရဲ့ခေါင်းအောက်က အဝေးကို လွင့်ထွက်သွားတယ်။ ငပြေးက ပန်းတိုင်ရှိရာကို လှမ်းကြည့်မိတော့...

"ဟာ... ဟိုမှာ မင်းသမီးလေးက ပြေးသွားပြီ"

ငပြေးက သူချထားတဲ့ရေအိုးကို ကြည့်မိတော့...

"ဟိုက်... ငါ့ရေအိုးကို ခြေထောက်နဲ့ကန်ကျောက်ခဲ့လို့ ငါ့ရေအိုးထဲမှာ ရေမရှိတော့ပါလား။ အတော်ဉာဏ်များတဲ့ မင်းသမီးပါလား"

မင်းသမီးလေးကို လှမ်းကြည့်လိုက်တော့ မင်းသမီးလေးက ပန်းဝင်ဖို့ သိပ်မလိုတော့ဘူးဆိုတာ ငပြေး သိလိုက်ရတယ်။

"ဟူး... ငါရှုံးရင်တော့ ငါတို့ ငါးယောက်စလုံး အသတ်ခံရတော့မယ်"

ငပြေးက အိုးကိုယူပြီး ချောင်းထဲကရေကို လျှပ်တစ်ပြက်ခပ်လိုက်တယ်။ အဲဒီနောက် ရေအိုးကိုပိုက်ပြီး မင်းသမီးလေးရဲ့နောက်ကို လေပြင်းတိုက်ခတ်တဲ့ လျင်မြန်မှုမျိုးနဲ့ ပြေးတယ်။ ငပြေးက မင်းသမီးလေးကို ကျော်သွားပြီး ခြေလှမ်းဆယ်လှမ်းအကွာလောက်နဲ့ ပန်းဝင်လိုက်တယ်။

"ဟေး... ခြေကြွေးကွ၊ အဲ... ငပြေးကွ"

"ငပြေးရေ... မင်းနိုင်သွားပြီ"

ပရိသတ်တွေရဲ့ အားပေးသံက ဆူညံသွားတယ်။

"ခြေထောက်ကွေးနေတဲ့သူကို ငါလက်ထပ်ယူရတော့မယ်၊ အဟင့်ဟင့်"

မင်းသမီးလေးက ရှက်စိတ်နဲ့ ငိုကြွေးနေတယ်။

mgyoe.com

mgyoe.com


"တော်တော်အပြေးမြန်တဲ့လူကွာ၊ ဒါတောင် ခြေထောက်ကွေးနေလို့"

ဘုရင်ကြီးကလည်း တစ်ခါမှမရှုံးဖူးတဲ့ သမီးတော်က ခြေထောက်ကွေးနေတဲ့သူကို ရှုံးလို့ ရှက်နေရှာတယ်။

"ဟင်း... ငါ့သမီးတော်ကို ခြေထောက်ကွေးနေတဲ့သူနဲ့ မပေးစားနိုင်ဘူး၊ ဒီလူငါးယောက်ကို မီးလောင်တိုက်သွင်းသတ်စေ"

လို့ အမိန့်တော်ချမှတ်တယ်။

"အဟင့်... ငပြေးရဲ့အပြေးပြိုင်ချင်ဦး။ မင်းအပြေးပြိုင်တာ နိုင်ပေမဲ့ ငါတို့အသတ်ခံရတော့မယ်"

"စိတ်ညစ်နေရတဲ့အထဲဗလရယ်။ မင်းခွန်အားဗလကြီးနဲ့ ငိုမနေပါနဲ့၊ ရယ်စရာကြီးဖြစ်နေလို့ပါ"

ရဲမက်တွေက ငပြေးတို့ငါးယောက်ကို မီးလောင်တိုက်ခန်းထဲသို့ ထည့်ကာ တံခါးပိတ်ထားလိုက်တယ်။ အောက်ကထင်းတုံးတွေကို မီးရှို့တယ်။ ကျန်တဲ့သူလေးယောက်က သေရမှာကို ကြောက်နေကြတယ်။ ဖိုးဆောင်းက ခမောက်ကို ဦးခေါင်းထက်မှာ ဆောင်းထားလိုက်ရာ တောက်လောင်နေတဲ့မီးတွေက ငြိမ်းသွားပါတယ်။

"ဟာ... ဘယ်လိုလူတွေလဲ။ အစွမ်းထက်လှချည်လား"

မှုးမတ်နဲ့ရဲမက်တွေက ဘုရင့်ထံ အခစားဝင်ပြီး ...

"ဟိုလူငါးယောက်ကို မီးလောင်တိုက်သွင်းသတ်သော်လည်း တောက်လောင်တဲ့မီးတွေသာ ငြိမ်းသွားပါတယ်ဘုရား"

"ဟင်... အတော်ထူးဆန်းတဲ့ လူတွေပါလား။ အဲသလိုဆိုရင် အဲဒီလူငါးယောက်ကို ကြိုးနဲ့ချည်နှောင်ပြီး မြားနဲ့ပစ်သတ်စေ"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

"ကဲ... မြန်မြန်ဆန်ဆန်သာ ဆောင်ရွက်ကြရဲမက်တို့"

mgyoe.com

mgyoe.com



"မှန်ပါဘုရား"

ရဲမက်တွေက မောင်မြား၊ ငပြေး၊ ဖိုးဆောင်း၊ ဗလ၊ လေပြင်းငါးဦး တို့ကို ကြိုးနဲ့ချည်နှောင်ကာ နံရံမှာရပ်နေစေတယ်။ လေးသည်တော်တွေက သူတို့ကို မြားနဲ့ ပစ်ဖို့ ချိန်ရွယ်ထားကြတယ်။

လေးသည်တော်တွေက သူတို့ငါးယောက်ကို လေးနဲ့ပစ်တဲ့အခါ လေပြင်းက ရင်တွင်းထဲက လေကို မှုတ်ထုတ်လိုက်တယ်။ အဲဒီအခါ လေးသည်တော်တွေ ပစ်လိုက်တဲ့ မြားတံက သူတို့ငါးယောက်ဆီကို ရောက်ဖို့ဝေးစွ လေးသည်တော်တွေဟာ လေပြင်းမှုတ်ထုတ်လိုက်တဲ့ လေနောက်ကို လွင့်ပါသွားကြပါတယ်။

"အောင်မလေး၊ သေပါပြီ... ကယ်ပါဦးဗျ"

လေးသည်တော်တွေက အကြောင်းစုံကို ဘုရင်မင်းမြတ်ထံ ဝင်ရောက်လျှောက်တင်ကြတယ်။ ဘုရင်မင်းမြတ်က သူတို့ငါးယောက်ကို နည်းအမျိုးမျိုးနဲ့သတ်ပေမဲ့လည်း သတ်လို့မရဘူး။

"မောင်မင်းတို့က ဘယ်လိုသတ်လို့မှ မရကြပါလား။ မောင်မင်းတို့ဟာ စွမ်းရည်ကိုယ်စီရှိကြတဲ့ လူထူးလူဆန်းတွေပါလား။ မောင်မင်းတို့ ငါကိုယ်တော်ရဲ့ တိုင်းပြည်ကို ရောက်လာကြတဲ့ ရည်ရွယ်ချက်တွေက ဘာတွေလဲ"

လို့ ဘုရင်မင်းမြတ်က မေးတော်မူတယ်။ မောင်မြားက...

"ကျွန်တော်မျိုးတို့ရဲ့ အစွမ်းသတ္တိတွေကို ယှဉ်ပြိုင်ပြသပြီး တရားတဲ့နည်းလမ်းနဲ့ စီးပွားရှာဖွေဖို့ ဟိုးဝေးလံတဲ့ အရပ်ဒေသတွေဆီက တစ်တောဝင် တစ်တောင်တက် ချောင်းကိုဖြတ် မြစ်ကိုကျော်ပြီး အရှင်မင်းမြတ်ရဲ့ နေပြည်တော်ကို ရောက်အောင်လာခဲ့ကြရတာပါဘုရား"

လို့ လျှောက်တင်တယ်။

"အဲသလိုဆိုရင်တော့ သင်တို့ရဲ့ထူးဆန်းတဲ့ အရည်အချင်းတွေ

mgyoe.com

mgyoe.com


ကို ဂုဏ်ပြုတဲ့အနေနဲ့ မိမိရပ်ရွာမှာ လုပ်ကိုင်စားသောက်ဖို့ အရင်းအနှီး အဖြစ် အသပြာတစ်ထောင်စီနဲ့ မြင်းတစ်ရှဉ်း(နှစ်ကောင်) နွားတစ်ရှဉ်း စီကို ငါကိုယ်တော်မြတ်က ဆုချတော်မူတယ်"


"သင့်မြတ်လှကြောင်းပါဘုရား"

မောင်မြား၊ ငပြေး၊ ဖိုးဆောင်း၊ ဗလ၊ လေပြင်းတို့ငါးယောက်ဟာ ဘုရင်မင်းမြတ်က ချီးမြှင့်တော်မူတဲ့ ဆုလာဘ်တွေကိုယူပြီး မိမိရပ်ရွာ ရှိရာသို့ ပျော်ရွှင်စွာ ပြန်လာခဲ့ကြပါတော့တယ်။

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ရေနန်းသူဇာ

တစ်ခါတုန်းက မြစ်မခမြစ်ရဲ့ မြစ်ကမ်းနံဘေးမှာရှိတဲ့ မြစ်မခ ရွာလေးမှာ ကိုကြွက်နဲ့ မဆင်ဆိုတဲ့ လင်မယားနှစ်ယောက် ရှိတယ်။ မြစ်မခရွာက ရွာသူရွာသားအချို့က မြစ်ကမ်းနား မြေနုကျွန်းပေါ်မှာ လယ်ယာစိုက်ပျိုးကြတယ်။ အချို့ရွာသူရွာသားတွေကတော့ တံငါ အလုပ်နဲ့ အသက်မွေးကြတယ်။

အဲဒီရွာက ကိုကြွက်နဲ့မဆင်တို့လင်မယားကတော့ တံငါအလုပ် ရော၊ လယ်ယာအလုပ်ရော အလုပ်နှစ်မျိုးစလုံးကို လုပ်ကိုင်ကြတာမို့ ရွာထဲမှာ ပစ္စည်းဥစ္စာရှိတဲ့ လူစာရင်းဝင်ကြတယ်။ ကိုကြွက်က လယ်ယာ ကို ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးတယ်။

"ဟဲ့... ဖေ့သားကြီး နှစ်ကောင်၊ ကြိုးစားပြီး ရုန်းလိုက်စမ်းပါဦးကွ၊ ဒီလယ်ကွက်လေး ထွန်ယက်ပြီးတာနဲ့ မင်းတို့ကို အနားပေးပါ့မယ်။ မြက်နုလေးတွေ ကျွေးပြီး ပဲဖတ်နှမ်းဖတ်စိမ်ရေလေးတိုက်ပါ့မယ်ကွ"

mgyoe.com

mgyoe.com


ညနေမှာ ကိုကြွက်နဲ့မဆင်တို့က လှေတစ်စင်းနဲ့ မြစ်ပြင်ထဲကို ငါးဖမ်းထွက်တယ်။ လင်မယားနှစ်ယောက် တက်ကိုယ်စီကိုင်လို့ ဦးပဲ့ထိုင်ကာ လှော်ခတ်လာကြတယ်။ မဆင်က ကိုယ်ဝန်ကြီးကို လွယ်ထားရတယ်။

"ကိုတံငါ × × × လှေကိုစီးလို့၊ ပိုက်ကြီးနဲ့ ငါးဖမ်းထွက်ပါ တယ် × × × ငါးများများရစေကြောင်း × × × ဆုတောင်းပါတယ်"

ကိုကြွက်က လှေလှော်ရင်း သီချင်းဆိုရင် မဆင်က ခေါင်းကလေးကို ဘယ်ညာခါယမ်းရင်း ပျော်နေတတ်ပါတယ်။

"ငါးများများရမှဖြစ်မှာ ကိုကြွက်ရဲ့၊ မကြာခင်ဆိုရင် ကျွန်မက သားလေးလား၊ သမီးလေးလား မွေးတော့မှာ မဟုတ်လား"

"သားလေးမွေးပါစေဗျား။ အဲဒါမှ ငါအားကိုးရမှာ"

"သမီးလေးမွေးတော့လည်း ကျွန်မက အားကိုးရတာပေါ့ရှင်"

ကိုကြွက်နဲ့ မဆင်တို့မြစ်ထဲကို ငါးရှာထွက်တိုင်း ငါးများစွာ ရလေ့ရှိတယ်။

"တံငါသည်ချင်းအတူတူ သူတို့လင်မယားက ငါးပိုရတယ်"

အခြားတံငါသည်တွေက ကိုကြွက်နဲ့မဆင်တို့လင်မယားကို မနာလိုဖြစ်ကြတယ်။ အခြားတံငါသည်တွေက မြစ်ပြင်ထဲကို အစောကြီးသွားပြီး ငါးရှာပေမဲ့လည်း ငါးရချင်မှ ရတယ်။

တစ်နေ့မှာတော့ ကိုကြွက်က မြစ်ပြင်ထဲကို ငါးရှာထွက်ဖို့ ပိုက်ကွန်ကို ပခုံးပေါ်တင်ပြီး ပြင်ဆင်နေတယ်။

"မဆင်၊ နင်က မကြာခင်မှာ မွေးတော့ဖွားတော့မှာ မဟုတ်လား။ မြစ်ပြင်ထဲကို ငါ ငါးရှာသွားမလို့၊ နင်မလိုက်ခဲ့နဲ့တော့"

"ဟာ... ကိုကြွက်ကလည်း လှေပေါ်မှာတော့ မမွေးပါဘူးတော်"

"ဟယ်... ဒီမိန်းမကလည်း၊ မြစ်ပြင်ထဲမှာ မိုးသက်လေပြင်းကျရင် အန္တရာယ်များတယ်ဆိုတာ သိရဲ့သားနဲ့မိန်းမရယ်"

mgyoe.com

mgyoe.com

“ကျွန်မက ရေကူးတတ်ပါတယ်တော်၊ မြစ်ကမ်းပါးမှာ ကြီးပြင်းလာတဲ့သူပဲ”

“ဟာ… ဗိုက်ကြီးနဲ့ရေကူးရတာ လွယ်မလား။ ဒီမိန်းမက ပြောမှ ပိုဆိုးလာတယ်။ ငါမြစ်ပြင်ထဲကို သွားတော့မယ်”

“ကျွန်မရင်သွေးလေးအတွက် ငါးများများရပါစေ”

တစ်ညမှာတော့ မဆင်က သမီးလေးကို ဖွားမြင်ပါတယ်။ ကိုကြွက်နဲ့မဆင်တို့က သူတို့သမီးလေးကို ‘မသီတာ’ လို့ အမည်မှည့်ခေါ်တယ်။ တကယ်တော့ သီတာဆိုတာ အေးမြတယ်လို့ အဓိပ္ပာယ်ရတယ်။ မသီတာက အလွန်ချောမောလှပတယ်။

“ကိုကြွက်ရေ၊ သမီးလေးအတွက် ငါးများများရအောင် ဖမ်းခဲ့နော်”

ကိုကြွက်က မြစ်ပြင်ထဲကို ငါးရှာသွားဖို့ ပြင်ဆင်တိုင်း မဆင်က အဲသလို အမြဲမှာလေ့ရှိတယ်။

“အေးပါကွ၊ ငါတို့သမီးလေးက ငါတို့လင်မယားကို အကျိုးပေးတယ်။ ဒီနှစ် လယ်ယာသီးနှံ အထွက်နှုန်းတွေ ကောင်းလိုက်တာ”

“ဟုတ်ပါ့တော်၊ ကျွန်မတို့ ရှာဖွေရသမျှက သမီးလေးအတွက် ချည်းပါပဲ”

သမီးလေး မသီတာက သုံးနှစ်သမီးအရွယ်ကို ရောက်လာတယ်။

“အဖေ ငါးတွေအများကြီး ဖမ်းလာခဲ့၊ ပုစွန်တွေ အများကြီးဖမ်းလာခဲ့။ သမီး ပုစွန်ဟင်းစားချင်တယ်”

“ဖမ်းခဲ့မှာပေါ့ သမီးရယ်။ ငါ့သမီးစားချင်ရင် မိအောင်ဖမ်းခဲ့မယ်”

ကိုကြွက်နဲ့မဆင်တို့က သမီးလေး မသီတာကို ဆွေမျိုးသားချင်း အိမ်တွင်ထားခဲ့ကာ လယ်ယာစိုက်ပျိုးတယ်။ ငါးဖမ်းထွက်တယ်။

“မဆင်ရေ မိုးချုပ်တော့မယ်၊ ရွာကိုပြန်ရအောင်”…

“ခဏနေပါဦး ကိုကြွက်ရယ်။ သမီးလေးအတွက် တစ်ခါလောက်

mgyoe.com

mgyoe.com


ပိုက်ကွန်ပစ်လိုက်ပါဦး။ ငါးတွေ ထပ်ရအောင်"

"ဒီမိန်းမနှယ်၊ လောဘကြီးလိုက်တာ"

"ကျွန်မတို့သမီးလေး အရွယ်ရောက်လာရင် ဥစ္စာပေါရုပ်ချော ဆိုတဲ့ ဂုဏ်နဲ့တင့်တင့်တယ်တယ် နေစေချင်လို့ပါ ကိုကြွက်ရယ်"

"အေးပါကွယ်... အေးပါကွယ်"

မသီတာက ခုနှစ်နှစ်သမီးအရွယ်ကို ရောက်လာတယ်။ မသီတာ က သူ့အဖေနဲ့အမေ မြစ်ပြင်ထဲမှာ ဘယ်လိုငါးဖမ်းတယ်ဆိုတာကို တွေ့ချင် မြင်ချင်တယ်။ အဲဒါကြောင့်...

"အဖေနဲ့အမေတို့ မြစ်ပြင်ထဲကို ငါးဖမ်းသွားရင် သမီးလည်း လိုက်ချင်တယ်"

"ဟာ... ဘယ်ဖြစ်မလဲကွယ်၊ သမီးအရွယ်က ငယ်ပါသေးတယ်"

"ဟင့်အင်း... ဟင့်အင်း... သမီး လိုက်ချင်တယ် လိုက်ချင်တယ်"

"မလိုက်ရဘူး။ မြစ်ထဲမှာ အန္တရာယ်များတာကို"

မသီတာက သူ့အဖေ၊ အမေတို့နဲ့အတူ မြစ်ထဲကို မလိုက်ရတာကြောင့် စိတ်ကောက်ပြီး ထမင်းမစားဘဲ နေတယ်။

"မဆင်ရေ၊ သမီးကတော့ မြစ်ပြင်ထဲကို မလိုက်ရလို့ စိတ်ကောက် နေပြီ"

"ဟုတ်တယ်၊ ထမင်းမစားတာ ရေမချိုးတာ သုံးရက်ရှိပြီ"

"အေးကွာ၊ မြစ်ပြင်ထဲမှာ အန္တရာယ်ရှိတာကို သူနားလည်အောင် ဘယ်လိုရှင်းပြရမလဲ မသိတော့ပါဘူး"

"သမီးလေး စိတ်ကျေနပ်အောင် တစ်ခါလောက်ခေါ်သွားရရင် ကောင်းမလား"

"မြစ်ပြင်ထဲမှာ မိုးသက်လေပြင်းကျရင် အန္တရာယ်များတာကို မင်းလည်း သိရဲ့သားနဲ့"

mgyoe.com

mgyoe.com


"ဘာမှမဖြစ်နိုင်ပါဘူး ကိုကြွက်ရယ်"

"အခုလို သမီးလေး ငိုနေတာကို မြင်ရတော့ ငါစိတ်မကောင်းဘူး"

နောက်တစ်နေ့မှာတော့ ကိုကြွက်နဲ့မဆင်တို့က မြစ်ပြင်ထဲကို ငါးဖမ်းထွက်ဖို့ ပြင်ဆင်နေကြတယ်။ မသီတာက ငိုနေတယ်။ ကိုကြွက်က သူ့သမီးမသီတာရဲ့ အနားကိုသွားတယ်။

"ဟဲ့ သမီးလေး၊ မြစ်ပြင်ထဲကို ငါးဖမ်းသွားကြမယ်လေ၊ မလိုက်ဘူးလား"

"အဖေက သမီးကို တကယ်ခေါ်မှာလား"

"ခေါ်မှာပေါ့ သမီးရဲ့၊ ထမင်းစားလိုက်ဦး"

"မြစ်ပြင်ထဲကို တကယ်လိုက်ရမယ်ဆိုရင်တော့ စားမှာပေါ့"

ကိုကြွက်၊ မဆင်နဲ့ သမီးလေး မသီတာတို့ဟာ မြစ်ပြင်ထဲကို ငါးဖမ်းထွက်လာကြတယ်။ မြစ်မခမြစ်နဲ့အလှမ်းကွာဝေးသွားတဲ့ မြစ်ပြင်ကျယ်ကြီးထဲကို ရောက်လာကြတယ်။

"မြစ်ပြင်ကျယ်ကြီးက သာယာလှပလိုက်တာနော်။ သမီးက မြစ်ပြင်ကျယ်ကြီးထဲကို ရောက်ချင်နေတာကြာပြီ"

မသီတာက မြစ်ပြင်ကျယ်ကြီးရဲ့ ဘေးပတ်ဝန်းကျင်က ရှုခင်းတွေကို ကြည့်ပြီး ပျော်နေတယ်။

"အဖေနဲ့အမေတို့က ငါ့သမီးလေးအရွယ်ရောက်လာရင် ချမ်းချမ်းသာသာနေနိုင်ဖို့အတွက် လယ်ယာလုပ်၊ ငါးတွေဖမ်းပြီး ကြိုးစားရှာဖွေနေကြတာသမီးရဲ့"

"သမီးကြီးလာရင် အဖေ၊ အမေတို့လိုပဲ ငါးဖမ်းမှာပေါ့"

"အို... မလုပ်ရပါဘူး။ အဖေ အမေတို့က ငါ့သမီးကို ဒီလိုပင်ပန်းတဲ့၊ အန္တရာယ်များတဲ့အလုပ်မျိုးကို မခိုင်းပါဘူး။ သူဌေးမကြီးအဖြစ်နဲ့ မြင်ချင်တာပါ"

mgyoe.com

mgyoe.com


"ဟုတ်တယ် သမီးရဲ့၊ ဒီအလုပ်က နေပူမရှောင်၊ မိုးရွာမရှောင် လုပ်ရတာ သိပ်ပင်ပန်းတယ်"

သူတို့မိသားစုက မကြာမီအချိန်ပိုင်းလေးအတွင်းမှာ ကျရောက်လာတော့မယ့် အန္တရာယ်ဆိုးကို မသိရှာကြဘူး။

ကိုကြွက်နဲ့ မဆင်က ပဲ့ဦး (လှေရဲ့ထိပ်ပိုင်းနေရာ) မှာ ထိုင်နေပြီး ပိုက်ကွန်ပစ်နေတယ်။ ပိုက်ကွန်ကို ဖော်လိုက်တိုင်း ဖမ်းမိတဲ့ငါးတွေက မနည်းဘူး။

"တွေ့လားအဖေ၊ သမီးလိုက်လာလို့ ငါးတွေ အများကြီးရတာ"

"ဟုတ်ပါ့ဗျာ၊ ငါ့သမီးကြောင့်၊ ငါ့သမီးလေးကြောင့် အဟင်းဟင်း"

"သမီးအတွက် အဖေအမေတို့ရှာဖွေနေတာ သမီး မြင်ရပြီ မဟုတ်လား"

မသီတာက သူ့အဖေနဲ့ အမေတို့ ငါးဖမ်းတာကို သေချာကြည့်နေတယ်။ အဲဒီအချိန်မှာ...

"အဖေ၊ ဟိုရေထဲက သစ်တုံးကြီးတစ်တုံးမျောပါလာတယ်"

"ဘယ်မှာလဲ သမီး"

"ဟိုမှာလေ အဖေရဲ့၊ သမီးတို့လှေရှိတဲ့ဘက်ကို မျောလာတာ"

"အင်း... ရေစုန်အတိုင်း မျောလာတာက ဟင်"

ကိုကြွက်က ရေစုန်အတိုင်း မျောပါလာတဲ့ သစ်သားတုံးလို အရာကို သေချာစွာ အကဲခတ်ကြည့်နေရင်းက...

"မဆင်၊ သတိထား၊ သမီးကို ဂရုစိုက်စမ်း၊ သမီးလှေနံ (လှေရဲ့ဘေးနှစ်ဖက်) ကို မြဲမြဲဆုပ်ကိုင်ထား"

"ဘာဖြစ်လို့လဲ ကိုကြွက်"

"ဟို ရေစုန်အတိုင်း မျောပါလာတာဟာ သစ်သားတုံးမဖြစ်နိုင်ဘူး"

"ဟင် ဒါဆို ဘာလဲ ကိုကြွက်..."

mgyoe.com

“မမေးစမ်းနဲ့ဟာ၊ ငါအသေအချာ ကြည့်နေတယ်။ သမီး နင့်အမေနားမှာ သွားထိုင်နေ၊ လှေနံကိုသာ ဆုပ်ကိုင်ထား”

မသီတာက လှေနံနှစ်ဖက်ကို ကိုင်ထားရင်း ကြောက်နေတယ်။ ကိုကြွက်က ပိုက်ကွန်ကို လှေဝမ်းထဲသို့ ပစ်ချလိုက်တယ်။ ခါးကြားထဲက ဓားကို ထုတ်ပြီး လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်တယ်။

“မဆင်၊ လှေကို မလှုပ်လွန့်အောင် ထိန်းထားစမ်း”

“လှေဦးက တအားမော့လာပြီ ကိုကြွက်”

ရေစုန်အတိုင်းမျောလာတဲ့အရာကို သူတို့လှေရှိရာကို ဦးတည်လာနေတယ်။

“မဆင်၊ ရေထဲမျောလာတာ သစ်တုံးမဟုတ်ဘူး၊ မိကျောင်း။ အကောင်ကြီးတယ်၊ ငါတို့ကို ရန်ပြုတော့မယ်”

“ရှင်... သမီး ဘာမှမကြောက်နဲ့...”

မိကျောင်းကြီးက လှေအောက်ကို ခေါင်းထိုးဝင်ပြီး လှေကို မှောက်အောင် ပစ်လိုက်တယ်။

“မဆင်... သမီး”

“အောင်မလေး”

“အမေ...” အမေ”

သားအမိ၊ သားအဖသုံးယောက်ဟာ လှေမှောက်သွားတာကြောင့် မြစ်ပြင်ထဲကို ကျွမ်းထိုးမှောက်ခုံ ကျသွားကြတယ်။ မသီတာက ရေမကူးတတ်တာမို့ မြစ်ပြင်ရေထဲမှာ မြုပ်ချည်ပေါ်ချည်ဖြစ်နေတယ်။ မဆင်က သူ့သမီး မသီတာကို ရေထဲမှာ မှောက်လိုက် မျောပါနေတဲ့ လှေပေါ်ကို ထမ်းတင်လိုက်တယ်။

မသီတာက မှောက်လျက်မျောနေတဲ့ လှေကိုဖက်ပြီး ရေစီးအတိုင်း မျောပါသွားတယ်။

mgyoe.com

mgyoe.com


"အဖေရေ... အမေရေ... သမီးကို ကယ်ပါဦး၊ သမီး ကြောက်တယ်"

"သမီးလေး၊ ဘာမှမကြောက်နဲ့၊ လှေကို မလွတ်အောင်သာ ဖက်ပြီးလိုက်သွား၊ အဖေ ရှိတယ်။ အဖေ လိုက်လာခဲ့မယ်"

ကိုကြွက်က မိကျောင်းကြီးကို တိုက်ခိုက်တယ်။

"ကဲကွာ... ကဲကွာ"

မိကျောင်းကြီးက ရေထဲမှာ ကူးခတ်နေတဲ့ မဆင်ကို ကိုက်ခဲလိုက်တယ်။

"အား... အောင်မလေး... အား"

မဆင်က မိကျောင်း အကိုက်ခံရပြီး ရေထဲကို နစ်မြုပ်သွားတယ်။ မြစ်ရေပြင်ဟာ သွေးရောင်တွေနဲ့ နီရဲသွားပါတယ်။ ကိုကြွက်က မိကျောင်းရဲ့ မိသမျှနေရာတွေကို အဆက်မပြတ် ဓားနဲ့ထိုးတယ်။ အထိနာသွားတဲ့ မိကျောင်းကြီးက မြစ်ပြင်ထဲကို ငုပ်လျှိုးပျောက်ကွယ်သွားတယ်။

"မဆင်ရေ..."

"သမီးလေး မသီတာ"

ကိုကြွက်က မြစ်ပြင်ထဲမှာ ကူးခတ်ရင်း မိန်းမနဲ့သမီးလေးကို အော်ခေါ်နေတယ်။ ကိုကြွက်က ကိုယ်ကို ရေထဲမှာ ဖော့ထားရင်း ရေစုန်အတိုင်း လိုက်လာခဲ့တယ်။

အရှေ့မှအနောက်သို့ ဖြတ်သန်းစီးဆင်းနေတဲ့ မြစ်မခမြစ်ဟာ တောင်မြောက်စီးဆင်းနေတဲ့ ပင်လယ်ထဲသို့ စီးဝင်ရာ မိကျောင်းကိုက်ခံရပြီး ရေထဲသို့နစ်မြုပ်ပါသွားတဲ့ မဆင်ဟာ ပင်လယ်ရေအောက်ကို ရောက်သွားတယ်။

မဆင်ကို ရေသတ္တဝါတစ်ကောင်က ပွေ့ချီပြီး ရေအောက်ကမ္ဘာကို ခေါ်သွားတယ်။ အဲဒီရေသတ္တဝါကတော့ လူကိုယ်တစ်ပိုင်း၊ ငါးကိုယ်တစ်ပိုင်းဖြစ်တဲ့ ရေသူမပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


ရေသူမကြီးက မဆင်ကို ကျောက်ကလပ်ပေါ်မှာ တင်ထားလိုက်တယ်။ မဆင်ဟာ လူပုံသဏ္ဍာန်က ရေသူမအသွင်သို့ ပြောင်းလဲသွားတယ်။

"ဟင်... ကျွန်မ ဘယ်ကိုရောက်နေတာလဲဟင်"

"ငါတို့ရဲ့ ရေအောက်ကမ္ဘာကို ရောက်နေတာပဲ"

ခမ်းနားထည်ဝါလှတဲ့ အဆောင်အယောင်တွေကြောင့် မဆင်က အံ့သြနေတယ်။ မဆင်က သူ့ကိုယ်သူကြည့်ပြီး ထိတ်လန့်သွားတယ်။

"ကျွန်မက ဘယ်လိုဖြစ်သွားတာလဲ"

"မင်း လူသား မဟုတ်တော့ဘူး၊ ဘဝပြောင်းလဲသွားပြီ"

"ဟင်"

*

လှေဝမ်းဗိုက်ကိုဖက်ပြီး ရေစီးအတိုင်း မျောပါသွားတဲ့ မသီတာကို တံငါလှေတွေက တွေ့ပြီး ကယ်ဆယ်လိုက်ကြတယ်။ မသီတာက ဖြစ်ပျက်ပုံကို တံငါသည်တွေကို ပြောပြလိုက်တယ်။

"ဒါဆို သမီးရဲ့ အဖေနဲ့အမေတို့က မိကျောင်းကိုက်လို့ သေသွားပြီပေါ့"

"မသိပါဘူး ဦးလေးတို့ရယ်။ သမီးကို အမေက လှေကိုဖက်ပြီး ရေစုန်အတိုင်း လိုက်သွားဖို့ခိုင်းလို့ သမီးက ဦးလေးတို့နဲ့တွေ့ပြီး အသက်ချမ်းသာရာရတာပဲ"

"ဟင်... ဒါဆို မိန်းကလေးမှာ အားကိုးစရာ မရှိတော့ဘူးပေါ့။ ဘာမှစိတ်မချမ်းမသာ မဖြစ်ပါနဲ့ကွယ်။ ငါတို့မှာက သားသမီးရှိတာ မဟုတ်ဘူး။ သမီးကို သမီးအဖြစ် မွေးစားမယ်"

"ကျေးဇူးတင်ပါတယ်။ အဖေနဲ့အမေကို သတိရလိုက်တာ"

"မိကျောင်းနဲ့တွေ့ရင် အသက်ရှင်ဖို့က မလွယ်ပါဘူး"

mgyoe.com

mgyoe.com


တံငါသည်က မသီတာကို သူ့အိမ်ကို ခေါ်လာတယ်။

"ကိုဖိုးတင်၊ ရှင်က ဘယ်က ကလေးမလေးကို ခေါ်လာရတာလဲ"

"ငါတို့ပင်လယ်ထဲမှာ ငါးရှာနေတုန်း… သူက…"

"သူ့ဘာသာ ရေစီးအတိုင်း မျောပါသွားပါစေပေါ့"

"ဟဲ့ မယ်သင်၊ နင်ဘယ်လိုစကားပြောလိုက်တာလဲ။ အားကိုးရာမဲ့နေတဲ့ကလေးမို့ သမီးအဖြစ် မွေးစားဖို့ခေါ်လာတာ"

"အို… မမွေးချင်ပါဘူး။ ဝမ်းနဲ့မလွယ် သားမမည်တဲ့"

"မင်းနဲ့ငါအိမ်ထောင်ကျတာ ဆယ်နှစ်ကျော်ပြီ။ သားသမီးတစ်ယောက်မှ မမွေးဘူး။ မင်းက အသုံးမကျတော့"

"ဟာ… မမွေးတာ ဘာတတ်နိုင်မှာလဲ"

"မင်းက ကလေးမရနိုင်တဲ့… အ… အ"

"ရှင်တော်တော့ မပြောနဲ့တော့။ ကျွန်မ အစ်မမွေးထားတာက ၁၁ ယောက်၊ ကျွန်မညီမမွေးထားတာက ၉ ယောက်၊ ကျွန်မက ၁၃ ယောက်လောက်မွေးချင်တာ"

"ဟာ… နောက်ဆုံးတော့ ငါ့အပြစ်ဖြစ်သွားပြီ"

ကိုဖိုးထင်ရဲ့မိန်းမ မယ်သင်က စိတ်ထားကောက်ကျစ်တယ်။ ကိုဖိုးထင်က မသီတာကို သမီးအဖြစ် မွေးစားလိုက်တာကို မယ်သင်က လုံးဝမကျေနပ်ဘူး။

"ငါ့အလုပ်တွေကို ခိုင်းစေဖို့ အစေခံတစ်ယောက်ရတာပေါ့၊ အဟင်းဟင်း"

မြစ်ပြင်ထဲမှာ ကူးခပ်နေတဲ့ ကိုကြွက်ကို ဘဝတူတံငါသည်တွေက ကယ်ဆယ်လို့ သူ့ရွာကို ပြန်ရောက်သွားတယ်။

"ကျုပ်သမီးလေးနဲ့ မဆင်ကတော့ မြစ်ပြင်ထဲမှာ သေပြီ ထင်ပါရဲ့ဗျာ။ မဆင်ကို မိကျောင်းကိုက်တာ ကျုပ်မြင်လိုက်ရတယ်"

mgyoe.com

mgyoe.com


"ဒီလိုအချိန်မှာ ဒီလိုဖြစ်ဖို့ ကံအကြောင်းတရားက ဖန်တီးတာပဲလို့ သဘောထားပြီး ကိုယ့်စိတ်ကိုဖြေပါ ကိုကြွက်ရယ်"

ရေအောက်ကမ္ဘာက ရေသူမဘဝသို့ ပြောင်းလဲသွားတဲ့ မဆင်က လူဘဝက ယောကျ်ားနဲ့သမီးလေးကို သတိရပြီး လွမ်းဆွတ်နေတယ်။

"စက်လည်း ပျော်ပါနိုင် × × × စက်လည်း ပျော်ပါနိုင် × × × ဖြေမဆည်နိုင် × × × သာခွေယိုင်ကာလွမ်းမိတယ် × × × အသည်းကြွေလုတိုင် × × × "

"ဟဲ့... ရေနန်းသူဇာ၊ မျက်နှာကလည်း မရွှင်မပျနဲ့၊ အစားအစာလည်း မစား၊ ဘယ်လိုများ ဖြစ်နေသလဲကွယ်"

"ဟိုး... လူ့ဘဝက ယောကျ်ားနဲ့သမီးတို့ မိကျောင်းကိုက်ခံရပြီး သေသလား၊ ရှင်သလားလည်း မသိ၊ စိုးရိမ်မိလို့ပါ ရေနန်းသခင်မကြီးရယ်"

"ဘဝချင်းက ခြားသွားလေပြီပဲကွယ်"

*

"ဟဲ့ မိသီတာ၊ ငါခိုင်းတဲ့အလုပ်တွေ အားလုံးကို လုပ်ပြီးမှ နင့်ကို ထမင်းကျွေးမယ်၊ နင့်ကို သမီးလိုသဘောထားတဲ့ ငဖိုးထင် ပြန်လာရင် နင့်ကိုငါက ဘာမှမခိုင်းပါဘူးလို့ပြော၊ မပြောရင် အရိုးရာထင်အောင် အရိုက်ခံရမယ်"

"ဟုတ်ကဲ့ပါအမေ"

"ဘာမေမေလဲ။ မခေါ်စမ်းပါနဲ့၊ နားခါးတယ်။ ငါနင့်အမေ မဟုတ်ဘူး"

မသီတာဟာ ကိုဖိုးထင် မြစ်ပြင်ထဲကို ငါးဖမ်းသွားတဲ့အချိန်က ပြန်လာခါနီးအချိန်ထိ မယ်သင် ခိုင်းစေသမျှကို မနားတမ်းလုပ်ပေးရတယ်။

mgyoe.com

mgyoe.com


"ဟဲ့... အလုပ်ကို အချိန်ဆွဲလုပ်မနေနဲ့။ တခြားခိုင်းစရာတွေ အများကြီးရှိသေးတယ်"

"ဟုတ်... ဟုတ်ကဲ့ပါရှင်"

မသီတာက ထမင်းကို မဝတဝစားပြီး အိမ်အလုပ်တွေကို ဇယ်စက်သလို လုပ်နေရတယ်။

"ဟဲ့... မိသီတာ၊ ရေမိုးချိုး၊ သနပ်ခါးလိမ်း အလှပြင်ထား၊ နင့်အဖေ ဖိုးထင် ပြန်လာတော့မယ်"

"လုပ်လက်စအလုပ်က မပြီးသေး"

"ငါဆက်လုပ်လိုက်မယ်"

မယ်သင်က အိမ်အလုပ်တွေကို သူပဲ ဒိုင်ခံလုပ်ရသလို လုပ်ပြတယ်။

"ဟော့... သမီးလေး သီတာ"

"ရှင်... အဖေ"

"ဟာ... ငါ့သမီးလေးက လှလိုက်တာ"

"ရှင့်သမီးက တစ်နေ့လုံး အလှပြင်လိုက်၊ အိပ်လိုက်နဲ့ ကျွန်မတစ်ယောက်တည်း အိမ်အလုပ်တွေ လုပ်ရတာ သေတော့မယ်"

"ဟယ် သမီးကလည်း အမေ့ကို ကူညီဦးလေ"

"သမီးက မနက်ကတည်းက"

"အလှပြင်နေတာကို ပြောမနေပါနဲ့အေ၊ ညည်းကို မခိုင်းရက်ပါဘူး"

မသီတာက မယ်သင်ရဲ့လိမ်ညာစကားတွေကို မကျေနပ်ပေမဲ့ ပြန်မပြောရဲပါဘူး။

ရွာမှာတစ်ယောက်တည်း ကျန်ခဲ့တဲ့ ကိုကြွက်ကတော့ ဇနီးနဲ့သမီးကို သတိရတိုင်း ငိုနေလေ့ရှိတယ်။

"မောင်ကြွက်ရယ်။ သေသွားတဲ့သူတွေကလည်း ပြန်ရှင်လာမှာမှ မဟုတ်တာပဲကွာ။ ကိုယ့်ဘာသာ မြစ်ပြင်ထွက်ပြီး ငါးဖမ်းထွက်ပါဦး"

mgyoe.com

mgyoe.com


"သမီးလေးအတွက် ကျွန်တော်တို့လင်မယားက လယ်လုပ်၊ ငါးဖမ်းပြီး စီးပွားရှာထားတာတွေက ဘာလုပ်ရမှာလဲဗျာ"

"မောင်ကြွက်ရာ"

"ကျွန်တော်နဲ့မိကျောင်းတို့ တိုက်ခိုက်နေတုန်း လှေကို ဖက်ပြီး မျောပါသွားတဲ့ သမီးလေးရဲ့ အဖေရေ အမေရေလို့ခေါ်သံကို အမြဲကြား ယောင်နေမိတယ်ဗျ။ အဲဒါကြောင့် ကျုပ်ငါးဖမ်းမထွက်ချင်တာ"

"ငကြွက်ရယ်..."

"မဆင်ကတော့ မိကျောင်းကိုက်ခံရပြီး ရေထဲမြုပ်သွားတာမို့ သေမှာကတော့ ကျိန်းသေပဲ။ သမီးလေးကတော့ သေသလား ရှင်သလား မသိဘူး။ ငါးရှာထွက်ရင် သမီးလေးအတွက်ဆိုပြီး ပြန်ချိန်တန်ရင်တောင် မပြန်ဘဲ ငါးဖမ်းခဲ့တာ"

"အစွဲအလမ်းကြီးလိုက်တာ ငကြွက်ရယ်"

*

လသာတဲ့ညတွေမှာ မသီတာဟာ ကိုဖိုးထင်နဲ့ မမယ်သင်တို့ အိပ်ပျော်တာနဲ့ မြစ်ကမ်းနား သောင်ပြင်ကိုသွားပြီး ငိုနေတတ်တယ်။

"အဖေတို့၊ အမေတို့ရေ၊ သမီး သတိရလိုက်တာ၊ သမီးမှာ အားကိုး စရာမရှိလို့သာ သူတို့နဲ့နေရတာ၊ တစ်နေ့မှ စိတ်မချမ်းသာပါဘူး"

မသီတာက လမင်းကြီးကို မော့ကြည့်တယ်။ လမင်းကြီးက ထိန်ထိန်သာ နေတယ်။

"အဖေ ကိုဖိုးထင်က သမီးကို သမီးအရင်းလိုချစ်ရှာပါတယ်။ သူ့မိန်းမ မယ်သင်ကတော့ သားသမီးချင်း မစာနာတတ်ဘူး။ သမီးကို မိုးလင်းက မိုးချုပ်ခိုင်းစေနေတာတောင် အားရကျေနပ်တယ်ကို မရှိဘူး။ အဖေ ကိုဖိုးထင်ရှေ့မှာတော့ တကယ်ဟန်ဆောင်ကောင်းတယ်။ သမီး

mgyoe.com

mgyoe.com


ကို အဖေနဲ့အမေတို့နဲ့ ပြန်တွေ့ရအောင် ကူညီဆောင်ရွက်ပေးပါ မြစ်စောင့်နတ်ကြီးရယ်"

မသိတာက ငိုရင်း ပြောနေတယ်။

*

"အလို ရေနန်းသူဇာရယ် ဘာလို့ငိုနေတာလဲ"

"ကျွန်မသမီးလေးရဲ့ငိုသံကို ကျွန်မရဲ့နားထဲမှာ ကြားယောင်နေမိတယ်"

"ဟင်"

"ကျွန်မသမီးလေးဟာ ကျွန်မနဲ့မနီးမဝေးမှာ ရှိနေမှာတော့ သေချာတယ်၊ ကျွန်မကို ကျွန်မသမီးလေးရှိတဲ့နေရာကို သွားခွင့်ပြုပါလား ရေနန်းသခင်မကြီးရယ်"

ရေနန်းသူဇာ (လူ့ဘဝက မဆင်) က ရေနန်းသခင်မကြီးကို ငိုပြီး ခွင့်ပန်တယ်။

"ရေနန်းသူဇာရယ်။ လူ့ရွာကလူသားတွေက ဉာဏ်နီဉာဏ်နက် အလွန်များတယ်။ မင်းကိုတွေ့ရင် အန္တရာယ်ပြုကြမှာပေါ့"

"အန္တရာယ်မကြုံတွေ့အောင် သတိထားသွားပါ့မယ်"

"မသွားချင်ပါနဲ့ ရေနန်းသူဇာရယ်"

"ကျွန်မသမီးလေးရဲ့ငိုသံကို ကျွန်မနားထဲမှာ ကြားနေရတယ်။ ကျွန်မသမီးလေးမသေတာကို ကျွန်မသိလိုက်ရပြီ...၊ သွားပါရစေ ရေနန်း သခင်မကြီးရယ်"

"ခက်လိုက်တာ ရေနန်းသူဇာရယ်"

*

mgyoe.com